# ၂၀၁၉ခုနှစ်၊ ရောဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းနည်းဥပဒေ

(ရောဝတီတိုင်းဒေသကြီးလွှတ်တော် နည်းဥပဒေအမှတ်-၁/၂၀၁၉)

## မာတိကာ

## က


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **အခန်း (၁)** | |
| ၁။ | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| | **အခန်း (၂)** | |
| ၂။ | အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၄ |
| | **အခန်း(၃)** | |
| ၃။ | နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၁၂ |
| | **အခန်း (၄)** | |
| ၄။ | တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၁၆ |
| | **အခန်း(၅)** | |
| ၅။ | ငါးဖမ်းကိရိယာလိုင်စင်၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၂၄ |
| | **အခန်း(၆)** | |
| ၆။ | နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း | ၂၉ |
| | **အခန်း(၇)** | |
| ၇။ | မိတ္တူမှန် လျှောက်ထားခြင်း | ၃၀ |
| | **အခန်း(၈)** | |
| ၈။ | အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ | ၃၁ |
| | **အခန်း(၉)** | |
| ၉။ | တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ | ၃၇ |
| | **အခန်း(၁၀)** | |
| ၁၀။ | ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ | ၃၉ |

## မာတိကာ




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **အခန်း(၁၁)** | |
| ၁၁။ | ဝန်ကြီး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၄၀ |
| | **အခန်း(၁၂)** | |
| ၁၂။ | တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၄၁ |
| | **အခန်း(၁၃) (က)** | |
| ၁၃။ | ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ပယ်ဖျက်ခြင်း | ၄၄ |
| | **အခန်း(၁၃) (ခ)** | |
| ၁၄။ | ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ဝင်များနှင့် ကော်မတီဝင်များ၏ တာဝန်များ | ၄၇ |
| | **အခန်း (၁၃) (ဂ)** | |
| ၁၅။ | မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် တာဝန်များ | ၄၉ |
| | **အခန်း (၁၄)** | |
| ၁၆။ | ပြန်အမ်းငွေလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၅၂ |
| | **အခန်း(၁၅)** | |
| ၁၇။ | ကြွေးကျန်များ ကောက်ခံခြင်း | ၅၄ |
| | **အခန်း(၁၆)** | |
| ၁၈။ | စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူခြင်း | ၅၇ |
| | **အခန်း(၁၇)** | |
| ၁၉။ | အထွေထွေ | ၅၈ |

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၁ /၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးသည် ၂၀၁၈ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ (၇၈) ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

အခန်း(၁)

အမည် နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၈ခုနှစ်၊ ဧရာဝတီ တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါ စကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ဥပဒေ ဆိုသည်မှာ ၂၀၁၈ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကိုဆို သည်။

(ခ) **အခိုင်အမာအတားအဆီး** ဆိုသည်မှာ သဘာဝအလျောက် ပေါ်ပေါက်ခြင်းမဟုတ်ဘဲ ရေချိုငါးလုပ်ငန်းရေပြင်တွင် ရေစီး

ရေလာ အပတ်ကို အဓိကအားဖြစ်စေရန် လူတို့က အခိုင်အမာပြုလုပ်ထားသော အတားအဆီးတစ်ခုခုကို ဆိုသည်။

(ဂ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားသောပုံစံကို ဆိုသည်။

(ဃ) **ဂရန်ပိုင်ရေနက်ကွင်း** ဆိုသည်မှာ ၁၉၉၁ခုနှစ် ရေချိုငါးလုပ်ငန်းဥပဒေ အတည်မပြုမီကာလ အင်းအိုင်ဇရိယာ နယ်မြေအဖြစ် သတ်မှတ်ထားသည့် နယ်နိမိတ်အတွင်းရှိ ရေပြင်များကို ဆိုသည်။ (သို့ရာတွင် ဂရန်ပိုင်ရေနက်ကွင်းမှအပ ဦးပိုင်ရှိသော အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင်မြေယာ၊ မြေဥယျာဉ်ခြံမြေတို့ အကျုံးမဝင်ပါ။)

(င) **ရေလုပ်သားမှတ်ပုံတင်** ဆိုသည်မှာ ငါးလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းများကို အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ ပါဝင်လုပ်ကိုင်နေသူများအား အသိအမှတ်ပြု ထုတ်ပေးထားသော လက်မှတ်ကို ဆိုသည်။

(စ) **ငါးဖမ်းဆည်** ဆိုသည်မှာ ငါးဖမ်းဆီးရန်အလို့ငှာ ငါးမထွက်စေရန် ယင်းများ၊ ပိုက်များ၊ သံဇကာများနှင့် မြေသားများဖြင့် ကာရံ ဆောင်ရွက်ထားရှိသော ကိရိယာကို ဆိုသည်။

(ဆ) **မြင်းဝန်းဆည်** သို့မဟုတ် လျှောဆည် ဆိုသည်မှာ ရေစီးအားနှင့် အတူပါလာသော ငါးများအား ယင်းပေါ်တွင် တင်ကျန်စေရန် ကာရံ စီမံထားရှိသည့် ငါးဖမ်းသည့် ကိရိယာကို ဆိုသည်။

(ဇ) **လက်ဆည်** ဆိုသည်မှာ လက်ဖြင့် မြေသားများကို ဆယ်ယူ၍ တမံ ပြုလုပ်ထားသော ဆည်တန်းကို ဆိုသည်။

(ဈ) **အဝချုပ်ဆည်** ဆိုသည်မှာ ငါးများကို ထွက်ပေါက်နေရာတစ်ခုတွင် စုစေပြီး ယင်းနေရာတွင် ငါးဖမ်းဆီးရသော ကိရိယာတစ်ခု တပ်ဆင်ထားသည့် ဆည်တန်းကို ဆိုသည်။

(ည) **တောချဆည်** ဆိုသည်မှာ မိုးကုန်သည့်အခါ၌ဖြစ်စေ၊ ရေဆုတ်ယုတ်သည့်အခါ၌ဖြစ်စေ၊ အိုင်မ၊ ချောင်းမြောင်းများ

သို့ဆင်းသော ငါးများကိုဖမ်းရန် ဝန်းများ၊ ထောင်ချောက်များပါသည့် ဆည်တန်းများကို ဆိုသည်။ (အထက်ကဖြစ်စေ ချထားသော လိုအပ်သည့် ကတစ်ဆည်၊ အချုပ်ဆည်၊ လျှောဆည်၊ သမန်ဦးဆည် မည်သည့်အမည်နှင့်မဆို ခေါ်ဝေါ်သည့် ဆည်များလည်း ပါဝင်သည်။)

(ဋ) **အကာယ်ဆည်** ဆိုသည်မှာ ငါးများကို ဖမ်းဆီးရန်အတွက် မြေသားဖြင့်ဖြစ်စေ၊ ယင်းများ၊ ပိုက်များ၊ သံဇကာများဖြင့် ဖြစ်စေ ပြုလုပ်ကာရံထားသော ဆည်တန်းကို ဆိုသည်။

(ဌ) **ယင်း** ဆိုသည်မှာ ဝါးကိုဖြစ်စေ၊ အခြားပစ္စည်းများကိုဖြစ်စေ ကြိုးဖြင့် စနစ်တကျသီကာ ရေများထွက်ရှိစေနိုင်ပြီး၊ ငါးများ မထွက်စေရန် ကာရံအသုံးပြုသော ကိရိယာကို ဆိုသည်။

(ဍ) **ကျားပိုက်** ဆိုသည်မှာ ကျားပါးစပ်ပုံစံ အပေါက်ဝရှိသော ပိုက်အိတ်ပါသည့် ငါးဖမ်းကိရိယာကို ဆိုသည်။

(ဎ) **ဂျမ်း** ဆိုသည်မှာ ငါးများအား ယင်းများ၊ ပိုက်များဖြင့် ရွှေ့လျားစေကာ အောက်ခြေကြမ်းပြင်မှ သိမ်းကြုံးဆွဲယူဖမ်းဆီးသော ငါးဖမ်းနည်းစနစ်ကို ဆိုသည်။

(ဏ) **ဘဝန်း** ဆိုသည်မှာ မြစ်၊ ချောင်း၊ ကမ်းခြေတစ်လျှောက် သောင်ခုံများတွင် ရေတက်ချိန်၌ ပိုက် သို့မဟုတ် ယင်းကို စိုက်ထူကာရံထား၍ ရေကျချိန်တွင် ဖမ်းဆီးရသော ငါးဖမ်းကိရိယာကို ဆိုသည်။

(တ) **ကတက်တုံ** ဆိုသည်မှာ မြေသားတမံ တစ်ဖက်တစ်ချက်ကို ယင်း သို့မဟုတ် ဝါး စသည်တို့ဖြင့် ထိန်းထားသော ဆည်တန်းကို ဆိုသည်။

(ထ) **ငါးအထိအမိအခြေအနေ** ဆိုသည်မှာ ဂရန်အင်း၊ တင်ဒါချက်နှင့် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်တို့တွင် ငါးဖမ်းဆီးရမိမှုအခြေအနေကို ဆိုသည်။

(ဒ) **ငါးရစ်** ဆိုသည်မှာ ငါးများမျိုးပွားသည့်ရာသီတွင် မိတ်လိုက် ငါးသားပေါက်ရန် နေရာရှာနေသော ငါးထီး၊ ငါးမကို ဆိုသည်။

(ဓ) **ငါးသန်** ဆိုသည်မှာ သက်ကြီးကောင်အဆင့်သို့ မရောက်ရှိ သေးသော ပေါက်ဖွားပြီးခါစ သုံးလသားအရွယ်အောက် ငါး သားပေါက်ငယ်လေးများကို ဆိုသည်။

(န) **သုတေသနလုပ်ငန်း** ဆိုသည်မှာ ငါးလုပ်ငန်းများ ရေရှည် တည်တံ့နိုင်ရေးနှင့် နိုင်ငံတကာ ငါးလုပ်ငန်းများနှင့်အညီ ဖွံ့ဖြိုး တိုးတက်စေရေးတို့အတွက် စူးစမ်းလေ့လာခြင်း၊ လက်တွေ့ ကွင်းဆင်းဆောင်ရွက်ခြင်း၊ စမ်းသပ်ခြင်း၊ မွေးမြူသားဖောက် ခြင်း၊ မှတ်တမ်းပြုစု ထိန်းသိမ်းထားရှိခြင်းနှင့် စာတမ်း ရေးသား ဖြန့်ဝေထုတ်ပြန်ခြင်းတို့ကို ဆိုသည်။

(ပ) **ဆည်၊ တာတမံ** ဆိုသည်မှာ ဆည်မြောင်းဦးစီးဌာနက ရေအသုံး ချရန်အလို့ငှာ ရေလှောင်ဆည်ကြီးများ၊ တာတမံများဖြင့် ပိတ် ဆို့ကာရံ တားဆီးဆောင်ရွက်သည့် အရာများကိုသာ ဆိုသည်။

## အခန်း(၂)

## အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃။ ဂရန်အင်းများ လေလံတင်ရောင်းချခြင်းကို နှစ်စဉ် မတ်လ၊ ၁ ရက်မှ ဇူလိုင်လ၊ ၃၁ ရက်အတွင်း ဆောင်ရွက်ရမည်။

၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများကို ခရိုင်အလိုက် လေလံတင် ရောင်းချနိုင်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ်ရမည်-

(၁) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး ဥက္ကဋ္ဌ

(၂) ဂရန်အင်းတည်ရှိရာမြို့နယ်၏
မြို့နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်

(၃) တိုင်းဦးစီးဌာနမှူးမှ တာဝန်
ပေးအပ်ခြင်းခံရသည့်ဝန်ထမ်း ၁ ဦး အဖွဲ့ဝင်

(ခ) နည်းဥပဒေခွဲ(က)အရ ဖွဲ့စည်းထားသော ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ကို လိုအပ်ပါက တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၅။ ဂရန်အင်း လေလံတင်ရောင်းချရေးအဖွဲ့သည်-

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ဂရန်အင်းများကို အင်းသားကြီးများ အင်းလုပ်ကိုင်ခွင့် အင်းလုပ်ငန်းတစ်ရာသီ အချိန်ကာလအတွက် (ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့က ဂရန်အင်းများ) လေလံတင်ရောင်းချမည့် အစီအစဉ်နှင့် စည်းကမ်းချက်များရေးဆွဲပြီး တိုင်းဒေသကြီး ဦးစီးဌာနမှူးမှ ဝန်ကြီးထံတင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ အတည်ပြုချက်ရရှိပါက ဂရန်အင်းလေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်၍ ပုံစံ(၁) (လေလံကြော်ငြာ)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။ ထိုသို့ ကြေညာရာတွင် ဝန်ကြီးထံ အတည်ပြုချက်ရယူထားသော လေလံစည်းကမ်းချက်များကို မပျက်မကွက် ထည့်သွင်းကြေညာရမည်။

(ဂ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချပါက ဂရန်အင်း လေလံတင် ရောင်းချမည့်ရက်မတိုင်မီ အနည်းဆုံး ၇ ရက်ကြိုတင်၍ ပုံစံ(၁) (လေလံကြော်ငြာ) ဖြင့် မြို့နယ်အတွင်း ကြေညာရမည်-

(၁) လေလံဆွဲဝယ်မည့်သူ မရှိခြင်း၊

(၂) ကြမ်းခင်းဈေး မပြည့်မီခြင်း၊

(၃) တိုင်းဒေသကြီး၏အကျိုးအတွက် ဖြစ်ခြင်း။

၆။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် ဂရန်အင်း လေလံ ဆွဲဝယ်ခွင့်လက်မှတ် ရရှိရန် လေလံကြော်ငြာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ပုံစံ(၂) (ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာ) တွင် အချက်အလက်များကို ပြည့်စုံစွာ ရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနမှူးထံ လေလံရက် မတိုင်မီ ၂ ရက်အလို၌ နောက်ဆုံးထား၍ လျှောက် ထားရမည်။

၇။ မြို့နယ်ဦးစီးဌာနမှူးသည် ပုံစံ(၂)(လျှောက်လွှာ)လက်ခံရရှိသည့်အခါ အောက်ပါအချက်အလက်များနှင့် ညီညွတ်ခြင်း ရှိ/ မရှိ စိစစ်ရမည်-

(က) အင်းခွန်ပေးဆောင်ရန် ပျက်ကွက်သူ မဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့် ၃နှစ်အတွင်း ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရသူ မဟုတ်ခြင်း၊

(ဂ) ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ဂရန် အင်းလေလံဆွဲဝယ်ခွင့် လက်မှတ်ရရှိရန် ဆွဲဝယ်မည့်ဂရန် အင်း၏ ယခင်နှစ် အင်းခွန်ဈေးနှုန်းကို ဘဏ်တွင် ငွေစာရင်း ဖွင့်လှစ်ပေးသွင်းပြီးခြင်း၊

(ဃ) ဧရာဝတီတိုင်းဒေသကြီးအတွင်း အခြေချနေထိုင်သူ ဖြစ်ခြင်း။

၈။ မြို့နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ (၇) အရ စိစစ်ပြီးနောက် ၁ ရက် ကြိုတင်၍ ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးရန် သင့်/ မသင့်၊ မိမိ၏သဘောထားမှတ်ချက်များနှင့်အတူ ပုံစံ(၂)များကို ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၉။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ (၈) အရ တင်ပြလာသော လျှောက် လွှာများကို စိစစ်၍-

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ပုံစံ(၃) (ဂရန်အင်းလေလံ ဆွဲဝယ်ခွင့်လက်မှတ်) ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့် မညီညွတ်သော လျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ ပုံစံ(၃) (ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်)ကို လေလံပွဲမစမီ ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၁။ ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် ရရှိသူသည်-

(က) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဆွဲဝယ်ခွင့် ရှိသည်။

(ခ) မိမိလျှောက်ထားသည့် ဂရန်အင်းအတွက် လေလံဝင်ရောက်ဆွဲဝယ်မှု မရှိလျှင်သော်လည်းကောင်း၊ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သို့ သတ်မှတ်သည့် လေလံကြေးငွေများကို တင်ပြမှုမရှိလျှင်သော်လည်းကောင်း အဆိုပါနှစ်မှတစ်ဆက်တည်း ၃ နှစ်အတွင်း ဂရန်အင်း လေလံဆွဲဝယ်ခွင့်ကို ပိတ်ပင်ခြင်းခံရမည်။

၁၂။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်း လေလံတင်ရောင်းချခြင်းမပြုမီ အောက်ပါအချက်များအပေါ် အခြေခံ၍ ဂရန်အင်းတစ်ခုစီအတွက် လေလံကြမ်းခင်းဈေးကို သတ်မှတ်ပေးရမည်-

(က) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ လွန်ခဲ့သော ၅ နှစ် ပျမ်းမျှဈေးနှုန်း၊

(ခ) လေလံတင်ရောင်းချသည့် ဂရန်အင်း၏ ယခင်နှစ်ဈေးနှုန်း၊

(ဂ) ဂရန်အင်း ပျက်စီးတိမ်ကောခြင်း ရှိ/ မရှိ၊

(ဃ) သက်ဆိုင်ရာအင်း၏ ဒေသထူးခြားမှု အခြေအနေ။

၁၃။ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့သည် ဂရန်အင်း လေလံတင်ရောင်းချရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရောင်းချသည့် ဂရန်အင်းတစ်ခုစီအတွက် ဂရန်အင်းလေလံတင်ရောင်းချခြင်း အမှတ်တွဲပုံစံ (၄) ဖွင့်လှစ်ထားရှိခြင်း၊

(ခ) လေလံရောင်းချရာတွင် ဌာနမှသတ်မှတ်ထားသော လေလံစည်းကမ်းချက်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ အတည်ပြုချက် ရယူခြင်း၊

(ဂ) လေလံတင်ရောင်းချမည့် ဂရန်အင်းများ၏ ကြမ်းခင်းဈေးများကို သတ်မှတ်ရာတွင် တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြအတည်ပြုချက် ရယူခြင်း၊

(ဃ) ဂရန်အင်း လေလံတင်ရောင်းချခြင်းမပြုမီ လေလံစည်းကမ်းချက်များ၊ ရောင်းချမည့် ဂရန်အင်းတစ်ခုစီ၏ စည်းကမ်းချက်များကို ဖတ်ကြားကြေညာခြင်း၊

(င) ဂရန်အင်း လေလံတင်ရောင်းချခြင်းကို ကြေညာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(စ) လေလံဆွဲဝယ်ခွင့်ရရှိသူ တစ်ဦးဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကိုသော်လည်းကောင်း၊ အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုလျှင် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(ဆ) လေလံဆွဲဝယ်ခွင့် ရရှိသူက ဆွဲဝယ်မည့် ဂရန်အင်းအတွက် တိုးမြှင့်ပေးသည့်ငွေ(စားပွဲတင်ငွေ)အား ၎င်းတို့အဖွဲ့၏ ရှေ့မှောက်ထံဆွဲဝယ်မည့် ဂရန်အင်းအတွက် တင်ပြပြီးမှသာ လေလံဆွဲဝယ်ခွင့် ပြုခြင်း၊

(ဇ) လေလံဆွဲဝယ်ခွင့် ရရှိသူများမှ မိမိ၏စိတ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ လေလံကြမ်းခင်းဈေးထက် များစွာကျော်လွန်ပြီး ဈေးနှုန်းပေးလာလျှင် လေလံဆွဲဝယ်ခွင့် ရရှိသူများကို သတိပေး၍ သက်ဆိုင်သည့် ဂရန်အင်း လေလံတင်ရောင်းချခြင်းကို ခေတ္တရပ်ဆိုင်းခြင်း၊ ထိုသို့ရပ်ဆိုင်းပြီးနောက် နေ့ချင်းပြန်လည်ရောင်းချခြင်း၊ ထိန်းသိမ်းမရအောင် အပြိုင်အဆိုင် ဆက်လက်ဆွဲဝယ်နေပါက ဂရန်အင်း လေလံတင်ရောင်းချခြင်းကို

ရပ်ဆိုင်း၍ ယင်းနေ့တွင် အိတ်ဖွင့်တင်ဒါ သွင်းစေပြီး အငှားချထားခြင်း၊

(ဈ) ဂရန်အင်း လေလံတင်ရောင်းချရာတွင် ကြမ်းခင်းဈေးထက် ကျော်လွန်၍ ဈေးနှုန်းအမြင့်ဆုံး ပေးထားသူအား အငှားချထားခြင်း၊

(ည) လေလံဆွဲဝယ်ခွင့်ရရှိသူက လေလံဆွဲဝယ်သည့် ဂရန်အင်းအတွက် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို အပြေအကျေပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်ဖြင့် ဒုတိယအကြိမ် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချခြင်း၊ ထိုသို့ထပ်မံလေလံတင်ရောင်းချရာတွင် လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူမှ ပေးလျော်စေခြင်း၊

(ဋ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လေလံဆွဲဝယ်သည့်ကိစ္စဖြစ်လျှင် ပေးဆောင်ရန်ရှိသည့် အင်းခွန်ငွေများကို ဂရန်အင်းလေလံတင် ရောင်းချသည့်နေ့မှ ၇ ရက်အတွင်း မျဉ်းသားချက်လက်မှတ်ဖြင့် တစ်ကြိမ်တည်း အပြေအကျေ ပေးဆောင်စေခြင်း၊ ပေးဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်ဖြင့် ဒုတိယအကြိမ် ထပ်မံလေလံတင်ရောင်းချခြင်း၊ ထပ်မံလေလံတင်ရောင်းချရာတွင် လျော့နည်းသော ခြားနားငွေကို ပျက်ကွက်သူအားပေးလျော်စေခြင်း၊

(ဌ) လေလံဆွဲဝယ်ခွင့်ရရှိသူက ဂရန်အင်းများလေလံတင်ရောင်းချရေးအဖွဲ့ ရှေ့မှောက်သို့ တင်ပြသည့်ငွေများကို ငင်းပိုင်ငွေများဟု မှတ်ယူ၍ သက်ဆိုင်ရာဘဏ်သို့ ဆောလျင်စွာ ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(ဍ) လေလံကြေးငွေများကို ဘဏ်သို့ ဆောလျင်စွာပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) ဂရန်အင်းများ လေလံတင်ရောင်းချခြင်းကို ၅ ကြိမ်ထိသာ ဆောင်ရွက်ခြင်း၊

( င) လေလံဆွဲဝယ်ခွင့်ရရှိသူ၏ လေလံဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် ဂရန်အင်း လေလံတင်ရောင်းချသည့် ဈေးနှုန်းကို ရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ဝင်များ လက်မှတ် ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း။

၁၄။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများ လေလံတင် ရောင်းချခြင်း ပြီးသည့်အခါ ပုံစံ(၅)(ဂရန်အင်း လေလံတင် ရောင်းချခြင်း ပြီးစီးကြောင်းတင်ပြစာ)တွင် ပြည့်စုံစွာ ရေးသွင်း၍ ဂရန်အင်းများ လေလံတင်ရောင်းချရေးအဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသ ကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက်ရရှိပါက လုပ် ငန်းရာသီ မစတင်မီ ပုံစံ(၆)(အငှားဂရန်)ကို လေလံဆွဲဝယ် ရရှိသူအား ထုတ်ပေးရမည်။

၁၅။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) ရေစီးရေလာဆက်စပ်ပြီး အငြင်းပွားနိုင်သော ဂရန်အင်းကို အင်းဂရန်တွဲအဖြစ်လည်းကောင်း၊ အငြင်းပွားနိုင်သော ဂရန် အင်းနှင့် တင်ဒါပိုက်ချက်များကို အင်းနှင့် တင်ဒါဂရန်တွဲအဖြစ် လည်းကောင်း တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီး ထံမှ ကြိုတင်အတည်ပြုချက် ရယူ၍ ဂရန်အင်း တစ်ခုတည်း အနေဖြင့် သတ်မှတ်၍ ရောင်းချရမည်။

(ခ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ဂရန်အင်းများကို ၃ ကြိမ်ထိ လေလံတင် ရောင်းချသော်လည်း သတ်မှတ်ကြမ်းခင်းဈေး မမီ ပါ က ကျိုးကြောင်းဖော်ပြလျက် အမြင့်ဆုံးပေးထားသည့် ဈေး နှုန်းကို တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ

တင်ပြ၍ အတည်ပြုချက်ရရှိပါက အဆိုပါဂရန်အင်းကို အမြင့်ဆုံးဈေး ပေးထားသူအား ရောင်းချရမည်။

(ဂ) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ ရောင်းချ၍မရနိုင်သော ဂရန်အင်းများကို ပိတ်သိမ်းခွင့်ပြုပါရန် သို့မဟုတ် လိုအပ်သော ညွှန်ကြားချက် ချမှတ်ပေးနိုင်ရန် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

၁၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) ဂရန်အင်းများအား အင်းလုပ်ငန်း တစ်ရာသီအတွက် အငှားချထားခြင်းကို အင်းများရောင်းချပြီးပါက ဝန်ကြီးထံ အတည်ပြုချက်တောင်းခံ၍ အတည်ပြုချက်ရရှိပါက ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) ဂရန်အင်းရောင်းချမည့် ကြမ်းခင်းဈေးနှုန်းကို ဝန်ကြီးထံ တင်ပြ၍ အတည်ပြုချက် ရယူထားရမည်။

(ဂ) ပိတ်သိမ်းခွင့် ပြုသင့်သည့်အင်းများကို ခရိုင်ဦးစီးဌာနမှူးမှ စိစစ် တင်ပြလာပါက ဝန်ကြီးထံ ဆက်လက်ထောက်ခံတင်ပြ၍ ဝန်ကြီး၏ အတည်ပြုချက်ရရှိပါက မည်သူမျှ လုပ်ကိုင်ခြင်း မရှိစေရန် ပိတ်သိမ်းမိန့်ကို ခရိုင်ဦးစီးဌာနမှူးထံ ထုတ်ပြန်ရမည်။

(ဃ) လေလံရောင်းချပြီး ငွေကြေးပေးသွင်းပြီးသော လေလံအင်းများကို မည်သို့သော အကြောင်းပြချက်နှင့်မျှ ထပ်မံရောင်းချခြင်းမပြုရန် ကြီးကြပ်ဆောင်ရွက်ရမည်။

## အခန်း(၃)

## နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၁၇။ ဝန်ကြီးသည် နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်းဂရန်) စိစစ်ရေးကော်မတီကို အောက်ပါအတိုင်း မြို့နယ်အလိုက် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်-

| | | |
|---|---|---|
| (က) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး<br>မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ငါးလုပ်ငန်းနားလည်သူ ရပ်မိရပ်ဖ ၂ ဦး<br>(လက်ရှိအင်းသူကြီး/ လက်ရှိရေလုပ်သား မဖြစ်စေရ) | အဖွဲ့ဝင်များ |
| (ဇ) | တောင်သူလယ်သမားကိုယ်စားလှယ် ၂ ဦး | အဖွဲ့ဝင်များ |
| (ဈ) | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန | အတွင်းရေးမှူး |

၁၈။ နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မြို့နယ်ဦးစီးဌာနမှူးသည် ဂရန်အင်းတစ်ခုခုကို အင်းချောင်း တိမ်ကောခြင်းကြောင့်ဖြစ်စေ၊ ငါးထုတ်လုပ်မှု ကျဆင်းခြင်း ကြောင့်ဖြစ်စေ၊ နှစ်ရှည်အငှားဂရန်အဖြစ် သတ်မှတ်သင့်သည် ဟု သဘောရှိလျှင်ဖြစ်စေ၊ အငှားဂရန်ရရှိသူက မိမိဂရန်အင်း ကို နှစ်ရှည်အငှားဂရန် ခွင့်ပြုရန် လျှောက်ထားလာလျှင်ဖြစ်စေ သက်ဆိုင်ရာဂရန်အင်းကို နှစ်ရှည် အငှားဂရန် (ကြေးတိုင်အင်း ဂရန်) စိစစ်ရေးကော်မတီဖြင့် ကွင်းဆင်းစစ်ဆေးပြီး ကျိုး ကြောင်း ဖော်ပြလျက် အောက်ပါအချက်များနှင့် ကိုက်ညီပါက အမှုတွဲ တည်ဆောက်၍ ခရိုင်ဦးစီးဌာနမှူးထံ တင်ပြရမည်-

(၁) အင်းပျက်စီးတိမ်ကောခြင်းမှ ကာကွယ်ထိန်းသိမ်းရန် အမှန်တကယ် လိုအပ်နေသည့် အင်းဖြစ်ရမည်။

(၂) ငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ငါးမျိုးချန် ခြင်း သို့မဟုတ် ငါးမျိုးစိုက်ထည့်ခြင်း၊ အင်းချောင်း ပြုပြင်ခြင်း ပြုလုပ်နိုင်သည့် အင်းဖြစ်ရမည်။

(၃) ယခင်နှစ် လေလံအောင်သော အင်းဖြစ်ရမည်။ သတ် မှတ်ကြမ်းခင်းဈေး မမီသဖြင့် ဈေးလျှော့ရောင်းချ ထားသောအင်းများ မဖြစ်စေရ။

(၄) စပါးစိုက်ပျိုးသူများနှင့် ရေပို/ ရေလိုပြဿနာ ဖြစ်ပွားမှု မရှိအောင် ဆောင်ရွက်ပေးနိုင်သော အင်းဖြစ်ရမည်။

(၅) ငါးလုပ်ငန်းဦးစီးဌာန၏ အင်းစည်းကမ်း၊ ကြေးတိုင် အင်းစည်းကမ်းနှင့် ပတ်သက်သော အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်နှင့်အညီ လိုက်နာ ဆောင်ရွက်နိုင်သည့် အင်းဖြစ်ရမည်။

(၆) အင်းလုပ်ကိုင်ခဲ့သည့် နှစ်အတွင်း ငါးလုပ်ငန်းဦးစီး ဌာနမှ တားမြစ်ထားသည့် ငါးဖမ်းကိရိယာနှင့် ငါးဖမ်း

နည်းများကို အသုံးပြု၍ ငါးဖမ်းဆီးခြင်းကြောင့် ငါးလုပ်ငန်းဦးစီးဌာနမှ အရေးယူခံရသူ မဖြစ်စေရ။

(၇) လျှောက်ထားသူသည် အင်းပြုပြင်ရန် သို့မဟုတ် ငါးမျိုးစိုက်ထည့်ရန်နှင့် ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အာမခံငွေအဖြစ် အင်းခွန်ငွေ၏ ၃၀ ရာခိုင်နှုန်းငွေကို သတ်မှတ်အင်းခွန်ငွေပေးသွင်းသည့်အခါ အာမခံအပ်ငွေအဖြစ် မြန်မာ့စီးပွားရေးဘဏ်သို့ တစ်ပါတည်းပေးသွင်းပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြနိုင်သူ ဖြစ်ရမည်။

(၈) ကြေးတိုင်အင်းဂရန် လျှောက်ထားသူသည် လျှောက်ထားသည့် အင်းအတွင်း ရေစီးရေလာ အဟန့်အတားဖြစ်စေသော ဒိုက်၊ ဇေဒါ၊ မှော်များ မပိတ်ဆို့အောင် စီမံဆောင်ရွက်ပေးနိုင်သူ ဖြစ်ရမည်။

(၉) ကြေးတိုင်အင်းဂရန် လျှောက်ထားသည့် အမှုတွဲတွင် အင်းပြုပြင်ရန်နှင့် ငါးမျိုးစိုက်ထည့်ရန်အတွက် နေရာ၊ အချိန်ကာလ၊ လုပ်ငန်းစဉ်အား တင်ပြနိုင်သူ ဖြစ်ရမည်။

(၁၀) နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်းဂရန်) လုပ်ကိုင်ခွင့်ရရှိပါက ကြေးတိုင်အင်းဂရန် လုပ်ကိုင်ခွင့်ရရှိသူများလိုက်နာရမည့် စည်းကမ်းများကို လိုက်နာနိုင်သူ ဖြစ်ရမည်။

(၁၁) သတ်မှတ်စည်းကမ်းချက်များကို ဖောက်ဖျက်ပါက ကြေးတိုင်အင်းဂရန် လုပ်ကိုင်ခွင့် ပြန်လည်ရုတ်သိမ်းခြင်းကို လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(၁၂) ကြေးတိုင်အင်းဂရန် ရရှိပြီး နောင်နှစ်များတွင် အကြောင်းအမျိုးမျိုးပြ၍ ပြန်အပ်မည့်သူများ မဖြစ်စေရ။

(ခ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူး၏ ထောက်ခံတင်ပြချက်အပေါ် စိစစ်၍ ဝန်ကြီးထံဆက်လက်တင်ပြရမည်။

၁၉။ ဝန်ကြီးသည် နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်းဂရန်) ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိလျှင် တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(က)အရ အကြောင်းကြားစာ ရရှိသည့်အခါ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်အကြောင်းကြားရမည်။

(ဂ) ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေခွဲ(ခ)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ အခွန်ငွေများ ပေးသွင်းစေ၍ ပုံစံ(၆) (အငှားဂရန်)ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၀။ ဝန်ကြီးသည် ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန် ချထားသည့်ကိစ္စအတွက် အောက်ပါအချက်များဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူးမှ စိစစ်တင်ပြလာခြင်းကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်-

(က) အငှားဂရန်ချထားသည့် ကာလ၊

(ခ) အင်းပြုပြင်ရန်နှင့် မျိုးစိုက်ထည့်ရန်အတွက် လိုအပ်သော နည်းစနစ်၊ အချိန်၊ ကာလ၊ နေရာနှင့် ငွေပမာဏ၊

(ဂ) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန်ကာလအတွင်း နှစ်စဉ်တိုးမြှင့်ပေးရမည့် ဂရန်အင်း တန်ဖိုးငွေရာခိုင်နှုန်း၊

(ဃ) စည်းကမ်းချက်များ။

၂၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သဘာဝရေပြင်ငါးမျိုးစိုက်ရန်အတွက် ဖွင့်လှစ်ထားသော ရန်ပုံငွေမှ အောက်ပါလုပ်ငန်းများကို ဝန်ကြီးထံ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်-

(က) သဘာဝရေပြင်သို့ သယံဇာတတိုးပွားရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်း၊

(ခ) ရေနေသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ဟောပြောခြင်း၊ လက်ကမ်းစာစောင် ဝေငှခြင်း၊ ပညာပေးကြော်ငြာပိုစတာများ ပြုလုပ်ခြင်း၊

(ဂ) သားငါးထုတ်လုပ်မှု မြင့်မားတိုးတက်ရေးအတွက် သုတေသနဆောင်ရွက်ခြင်း၊

(ဃ) ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာပေးသင်တန်းများ ဆောင်ရွက်ခြင်း။

## အခန်း(၄)

## တင်ဒါလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၂၂။ တင်ဒါငါးဖမ်းကွက်များကို ဈေးပြိုင်တင်ဒါရောင်းချခြင်းအား မတ်လ၊ ၁ ရက်မှ ဇူလိုင်လ၊ ၃၁ ရက်အတွင်း ဆောင်ရွက်ရမည်။

၂၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော တိုင်းဒေသကြီးအတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို ခရိုင်အလိုက် တင်ဒါလိုင်စင် ချထားနိုင်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်-

(၁) သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူး ဥက္ကဋ္ဌ

(၂) တင်ဒါငါးဖမ်းကွက် တည်ရှိရာမြို့နယ်၏

မြို့နယ်ဦးစီးဌာနမှူး　　　　　　　　　　အဖွဲ့ဝင်

(၃) တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ထမ်း ၁ ဦး　　　　　　　　　　အဖွဲ့ဝင်

(ခ) နည်းဥပဒေခွဲ(က)အရဖွဲ့စည်းထားသော တင်ဒါလိုင်စင်ချထားရေးအဖွဲ့ကို လိုအပ်ပါက တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၂၄။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ၏ သတ်မှတ်ကာလ လုပ်ငန်းတစ်ရာသီအတွက် တင်ဒါလိုင်စင်ချထားရေးအဖွဲ့က တင်ဒါလိုင်စင်ချထားမည့် တင်ဒါချက်များကို ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

(ခ) တင်ဒါချက်များကို တင်ပြရာတွင် ခွင့်ပြုကိရိယာ၊ ခွင့်ပြုနေရာ၊ လားရာအရပ်ဒေသများကို သေချာဖော်ပြပြီး ကျားပိုက်တင်ဒါချက်ဖြစ်ပါ က နေရာတင်ဒါချက်နှင့် ဧရိယာတင်ဒါချက်ကို ခွဲခြားသတ်မှတ်၍ တင်ပြရမည်။

(ဂ) နည်းဥပဒေခွဲ(က)(ခ)အရ ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက် ရရှိပါက တင်ဒါငါးဖမ်းကွက် အဟောင်းဖြစ်လျှင် တင်ဒါလိုင်စင် ချထားမည့်ရက်မတိုင်မီ ရက်ပေါင်း ၃၀ ရက်ကြိုတင်၍ ပုံစံ(၇)(တင်ဒါကြော်ငြာ)ဖြင့် မြို့နယ်အတွင်း ကြေညာရမည်။

(ဃ) အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တင်ဒါချက်ကို ထပ်မံလေလံရောင်းချပါက လေလံရောင်းချရက်မတိုင်မီ အနည်းဆုံး ၇ ရက်ကြိုတင်၍ ကြေညာရမည်-

(၁) လေလံ/ တင်ဒါဆွဲဝယ်မည့်သူ မရှိခြင်း၊

(၂) ကြမ်းခင်းဈေး မပြည့်မီခြင်း၊

(၃) တိုင်းဒေသကြီး၏အကျိုးအတွက် ဖြစ်ခြင်း။

(င) တင်ဒါငါးဖမ်းကွက်အသစ်(စမ်းသပ်တင်ဒါ) ဖော်ထုတ်ရာတွင် တည်ရှိရာဒေသ၌ တင်ဒါငါးဖမ်းကွက်ဧရိယာ သတ်မှတ်ချက်ကို ကန့်ကွက်ရန် ရှိ/ မရှိ တင်ဒါကြော်ငြာသည့်ရက် မတိုင်မီ ရက်ပေါင်း ၃၀ ကြိုတင်ကြေညာရမည်။

၂၅။ တင်ဒါငါးဖမ်းကွက်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိရန် တင်ဒါကြော်ငြာတွင် သတ်မှတ်ထားသည့် ကာလအတွင်း ပုံစံ (၈)(တင်ဒါဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာ)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ တင်ဒါရက် မတိုင်မီ ၂ ရက်ကြိုတင်၍ လျှောက်ထားရမည်။

၂၆။ မြို့နယ်ဦးစီးဌာနမှူးသည် ပုံစံ (၈)(တင်ဒါဆွဲဝယ်ခွင့်လက်မှတ် လျှောက်လွှာ) လက်ခံရရှိသည့်အခါ အောက်ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ/ မရှိ စိစစ်ရမည်-

(က) တင်ဒါကြေးပေးဆောင်ရန် ပျက်ကွက်သူ မဟုတ်ခြင်း၊

(ခ) လွန်ခဲ့သည့် ၃ နှစ်အတွင်း ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် တရားရုံး၏ ပြစ်ဒဏ်ကျခံရသူ မဟုတ်ခြင်း၊

(ဂ) တင်ဒါချက်များနှင့် ကျားပိုက်တင်ဒါချက်များအတွက် တင်ဒါချက်ဆွဲဝယ်ရန် ယခင်နှစ် သတ်မှတ်ဈေးနှုန်းကို ဘဏ်တွင် စာရင်းဖွင့်လှစ် ပေးသွင်းပြီးခြင်း၊

(ဃ) ဧရာဝတီတိုင်းဒေသကြီးအတွင်း အခြေချနေထိုင်သူ ဖြစ်ခြင်း။

၂၇။ မြို့နယ်ဦးစီးဌာနမှူးသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်လျှောက်လွှာကို နည်းဥပဒေ (၂၆) အရ စိစစ်ပြီး အောက်ပါအတိုင်းဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက် တင်ပြရမည်-

(က) လျှောက်လွှာကို ငြင်းပယ်လျှင် ယင်းသို့ငြင်းပယ်သည့် ကျိုးကြောင်းဖော်ပြချက်များ၊

(ခ) လျှောက်လွှာကို လက်ခံလျှင် တင်ဒါဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် ရောင်းချမည့်ရက်ထက် ၁ ရက်ကြိုတင်၍ ထောက်ခံတင်ပြချက်များ။

၂၈။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ(၂၇)အရ တင်ပြလာသော လျှောက်လွှာများကိုစိစစ်၍-

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ပုံစံ(၉)(တင်ဒါဆွဲဝယ်ခွင့်လက်မှတ်)ထုတ်ပေးရန် မြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

(ခ) သတ်မှတ်ချက်များနှင့် မညီညွတ်သော လျှောက်လွှာများကို မြို့နယ်ဦးစီးဌာနမှူးထံ အချိန်မီ အကြောင်းကြားရမည်။

၂၉။ မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးထံမှ အကြောင်းကြားစာ ရရှိသည့်အခါ ပုံစံ(၉)(တင်ဒါဆွဲဝယ်ခွင့်လက်မှတ်)ကို တင်ဒါလိုင်စင်ချထားမည့် ရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားသူအား ထုတ်ပေးရမည်။

၃၀။ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိသူသာလျှင် မိမိလျှောက်ထားသည့် တင်ဒါငါးဖမ်းကွက်အတွက် တင်ဒါဆွဲဝယ်ခွင့် ရှိသည်။

၃၁။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားခြင်း မပြုမီ အောက်ပါအချက်များအပေါ် အခြေခံ၍ တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် တင်ဒါကြမ်းခင်းဈေးနှင့် တင်ဒါစည်းကမ်းချက်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးထံတင်ပြ၍ ခွင့်ပြုချက် ရယူရမည်-

(က) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော ၅ နှစ် ပျမ်းမျှဈေးနှုန်း၊

(ခ) အငှားချထားသည့် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ် ဈေးနှုန်း၊

(ဂ) တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိ အခြေအနေ၊

(ဃ) တင်ဒါငါးဖမ်းကွက်၏ ပျက်စီးတိမ်ကောခြင်း ရှိ/ မရှိ၊

(င) တင်ဒါငါးဖမ်းကွက်၏ ရေစီးရေလာပြောင်းလဲသွားမှု အခြေအနေ၊

(စ) မြို့ပြ၊ ကျေးလက်ဖွံ့ဖြိုးရေးစီမံချက်အတွင်း ကျရောက်သွားသော တင်ဒါချက်များ၏ အခြေအနေ၊

(ဆ) သက်ဆိုင်ရာဒေသ၏ တင်ဒါချက်ထူးခြားမှု အခြေအနေ။

၃၂။ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ရရှိသူသည် တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊ ပေးမည့်ဈေးနှုန်းတို့ကို ရေးသွင်း၍ စာအိတ်အတွင်းထည့်သွင်းပြီး တင်ဒါလိုင်စင် ချထားမည့်နေ့တွင် မိမိဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက် အမည်ခေါ်သည့်အခါ တင်ဒါလိုင်စင်ချထားရေးအဖွဲ့၏ ရှေ့မှောက်တွင် ကိုယ်တိုင်တင်သွင်းရမည်။

၃၃။ တင်ဒါလိုင်စင်ချထားရေးအဖွဲ့သည် တင်ဒါလိုင်စင်ချထားရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရောင်းချသည့် တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် ပုံစံ(၁၀) (တင်ဒါငါးဖမ်းကွက် ရောင်းချခြင်း)အမှတ်တွဲ ဖွင့်လှစ်ထားရှိခြင်း၊

(ခ) တင်ဒါလိုင်စင်ချထားခြင်းမပြုမီ တင်ဒါစည်းကမ်းချက်များ၊ တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက် သတ်မှတ်ချက်များကို ဖတ်ကြားကြေညာခြင်း၊

(ဂ) တင်ဒါလိုင်စင်ချထားခြင်းကို ကြေညာထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊

(ဃ) အိတ်ဖွင့်တင်ဒါရောင်းချရာတွင် လေလံစနစ်ဖြင့်ရောင်းချရန် လိုအပ်ပါက လေလံရောင်းချရေးအဖွဲ့၏ သဘောထားဖြင့် ဆောင်ရွက်ခြင်း၊

(င) တင်ဒါလိုင်စင်ချထားမည့် တင်ဒါငါးဖမ်းကွက်တစ်ခုစီအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းထားသူဦးရေတို့ကို တိုက်ဆိုင်စစ်ဆေးခြင်း၊

(စ) အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းပြီးပါက တင်ဒါဆွဲဝယ်သူများအား မိမိတို့တင်သွင်းသည့် တင်ဒါဈေးနှုန်းငွေပမာဏကို

တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြစေခြင်း၊ ငွေများကို စစ်ဆေးခြင်း၊

(ဆ) လုံလောက်သော အကြောင်းရှိပါက တင်ဒါဆွဲဝယ်သူ တစ်ဦးဦးကိုသော်လည်းကောင်း၊ ဈေးနှုန်းပေးထားခြင်းကိုသော်လည်းကောင်း အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်း၊ ထိုကဲ့သို့ ငြင်းပယ်ခြင်း သို့မဟုတ် တားမြစ်ခြင်းပြုသည့် ကျိုးကြောင်းဖော်ပြချက်ကို အမှုတွဲတွင် မှတ်တမ်းတင်ထားပြီး တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြခြင်း၊

(ဇ) တင်ဒါငါးဖမ်းကွက်အလိုက် အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းသူများအမည်နှင့် ပေးထားသည့် ဈေးနှုန်းတို့ကို ဖတ်ကြားကြေညာခြင်း၊ ကျန်တင်ဒါဆွဲဝယ်သူများအား ပြသခြင်း၊

(ဈ) တင်ဒါကြမ်းခင်းဈေးမမီပါက အမြင့်ဆုံးဈေးပေးသူကို ကြမ်းခင်းဈေးပြည့်မီအောင် ဈေးနှုန်းထပ်မံတိုးမြှင့်ပေးရန် တင်ပြစေခြင်း၊

(ည) တင်ဒါကြမ်းခင်းဈေးနှုန်းထက် ကျော်လွန်ပြီး တင်ဒါဈေးနှုန်းအများဆုံးပေးသူအား တင်ဒါလိုင်စင် ချထားခြင်း၊

(ဋ) တင်ဒါဆွဲဝယ်ရရှိသူက တင်ဒါလိုင်စင်ချထားရေးအဖွဲ့ရှေ့သို့ တင်ပြသည့် တင်ဒါကြေးများကို သက်ဆိုင်ရာဘဏ်သို့ ဆောလျင်စွာ ပေးသွင်းနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဌ) တင်ဒါကြေးများကို ဘဏ်သို့ ဆောလျင်စွာ ပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) တင်ဒါဈေးနှုန်း အများဆုံးပေးခြင်း တူညီနေပါက တူညီသူများအား ၃ ကြိမ်ထိ ချိတ်ပိတ်တင်ဒါ သွင်းစေခြင်း၊

(ဎ) တင်ဒါဈေးနှုန်းအများဆုံးပေးခြင်း ၃ ကြိမ် ထပ်မံတူညီနေပါက ဈေးပြိုင်လေလံစနစ်ကို ကျင့်သုံးနိုင်ခြင်း၊

(ဏ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ပေါ်တွင် တင်ဒါလိုင်စင်ချထားသည့် တင်ဒါဈေးနှုန်းကိုရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ဝင်များ လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် တွဲထားခြင်း၊

(တ) တင်ဒါဆွဲဝယ်ရရှိသူ၏ တင်ဒါဆွဲဝယ်ခွင့် လက်မှတ်ပေါ်တွင် တင်ဒါဈေးနှုန်းမမီကြောင်း ရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ဝင်များ လက်မှတ်ရေးထိုးပြီး အမှုတွဲတွင် ထားခြင်း။

၃၄။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များ တင်ဒါလိုင်စင်ချထားခြင်း ပြီးသည့်အခါ ပုံစံ(၁၁)(တင်ဒါ လိုင်စင်ချထားခြင်းပြီးစီးကြောင်း တင်ပြစာ)တွင် ပြည့်စုံစွာရေးသွင်း၍ တင်ဒါလိုင်စင်ချထားရေးအဖွဲ့ဝင်များ လက်မှတ်ရေးထိုးပြီး အတည်ပြုချက်ရယူနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ အတည်ပြုချက် ရရှိပါက တင်ဒါလိုင်စင်ချထားသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေပေးသွင်းစေပြီး ပုံစံ(၁၂)(တင်ဒါလိုင်စင်)ကို တင်ဒါဆွဲဝယ်ရရှိသူအား ထုတ်ပေးရမည်။

(ဂ) နောက်ဆုံးအကြိမ်ရောင်းချပြီး ပိတ်သိမ်းရန်လိုအပ်သော တင်ဒါချက်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

၃၅။ ခရိုင်ဦးစီးဌာနမှူးသည်-

(က) မိမိစီမံခန့်ခွဲရသော ခရိုင်အတွင်းရှိ တင်ဒါငါးဖမ်းကွက်များကို တင်ဒါလိုင်စင်ချထားရာတွင် တင်ဒါကြမ်းခင်း ဈေးနှုန်းမမီ

ပါ က အမြင့်ဆုံးစျေးပေးသူအား ကျိုးကြောင်းဖော်ပြလျက် တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံတင်ပြပြီး ညွှန်ကြားချက်နှင့်အညီ အဆိုပါတင်ဒါငါးဖမ်းကွက်များကို အမြင့်ဆုံးစျေးပေးသူအား တင်ဒါလိုင်စင်ချထား ပေးရမည်။

(ခ) မိမိစီမံခန့်ခွဲရသောခရိုင်အတွင်းရှိ တင်ဒါလိုင်စင်ချထား၍ မရနိုင်သော တင်ဒါငါးဖမ်းကွက်များကို ပိတ်သိမ်းခွင့်ပြုပါရန် သို့မဟုတ် လိုအပ်သောညွှန်ကြားချက်များ ချမှတ်နိုင်ရန် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

(ဂ) တင်ဒါငါးဖမ်းကွက်အသစ်ကို တင်ဒါချက်အဖြစ် ကန့်ကွက်ရန် မရှိ၍ ဖော်ထုတ်ရောင်းချခွင့်ပြုပါရန် တိုင်းဒေသကြီးဦးစီး ဌာနမှူးတစ်ဆင့် ဝန်ကြီးထံ ခွင့်ပြုချက်တောင်းခံရမည်။

(ဃ) တင်ဒါချက်အသစ်များအား ရောင်းချပြီး ၂ နှစ်အတွင်း ပြဿနာဖြစ်ပွားခြင်း မရှိပါက တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ် ဆင့်ထံ အတည်ပြုချက် တောင်းခံရမည်။

၃၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) ရောင်းမည့်တင်ဒါချက်များ ကြမ်းခင်းစျေးနှုန်းကို ဝန်ကြီးထံ တင်ပြ၍ အတည်ပြုချက် ရယူထားရမည်။

(ခ) ရောင်းချ၍မရသော တင်ဒါချက်များကို ပိတ်သိမ်းခွင့်ပြုနိုင်ရန် ဝန်ကြီးထံ တင်ပြရမည်။

(ဂ) တင်ဒါချက်အသစ်များအား ရောင်းချပြီးပါက ၂ နှစ်အတွင်း ပြဿနာဖြစ်ပွားခြင်းမရှိကြောင်း ခရိုင်ဦးစီးဌာနမှူးမှတင်ပြ လာပါက တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီးထံ တင်ပြ

၍ အတည်ပြုချက်ရယူပြီး တင်ဒါငါးဖမ်းကွက်အဖြစ် ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

## အခန်း(၅)

## ငါးဖမ်းကိရိယာလိုင်စင်၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၃၇။ မြို့နယ်ဦးစီးဌာနမှူးသည် မိမိစီမံခန့်ခွဲရသော မြို့နယ်အတွင်းရှိ ငါးဖမ်းကိရိယာလိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစား တစ်ခုခုကို အသုံးပြု၍ ငါးလုပ်ငန်းလုပ်ကိုင်သူများအား ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားရယူကြရန် ဩဂုတ်လ၊ ၁ ရက်နေ့မှစ၍ ကြော်ငြာစာ ထုတ်ရမည်။

၃၈။ ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ငါးဖမ်းကိရိယာလိုင်စင် ရရှိရန် နည်းဥပဒေ (၃၇) အရ သတ်မှတ်သည့်ရက်အတွင်း ပုံစံ (၁၃)(ငါးဖမ်းကိရိယာလိုင်စင် လျှောက်လွှာ)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၃၉။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ကြော်ငြာစာတွင် ဖော်ပြထားသည့် သတ်မှတ်ရက်ကုန်ဆုံးသည့်အခါ လျှောက်ထားသူများ၏ စာရင်းကို ပုံစံ(၁၄)(ငါးဖမ်းကိရိယာလိုင်စင် လျှောက်ထားသူစာရင်း)ဖြင့် ပြုစုရမည်။

(ခ) ပုံစံ(၁၄)တွင် ယခင်နှစ်က ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ဆက်လက် လုပ်ကိုင်လိုသူများ ပါဝင်ခြင်း ရှိ/ မရှိကိုလည်းကောင်း၊ လျှောက်ထားသည့် ငါးဖမ်းကိရိယာအမျိုးအစား အတိုင်းအတာ မှန်/ မမှန်ကိုလည်းကောင်း၊ လိုင်စင်လျှောက်ထားခြင်းမရှိဘဲ လုပ်ကိုင်နေသူများ ရှိ/ မရှိကိုလည်းကောင်း ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရမည်။

(ဂ) အငှားဂရန်အင်းနှင့် တင်ဒါလိုင်စင်ချက်တို့မှအပ ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ပုံသေစိုက် ငါးဖမ်းကိရိယာ လျှောက်ထားလာလျှင် မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေး ကော်မတီမှ စိစစ်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးရမည်။

၄၀။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ဘုံငါးဖမ်းကွက်အဖြစ် သတ်မှတ်ထားသော နေရာများတွင် အခွန်လွတ်ကိရိယာ၊ အတိုင်းအတာ၊ အရေအတွက်များမှလွဲ၍ ကျန်ငါးဖမ်းကိရိယာများအတွက် အခွန်အခရရှိစေရန် သတ်မှတ်သောလိုင်စင်ခ ကောက်ခံရမည်။

(ခ) တင်ဒါချက်များကို ဖျက်သိမ်း၍ ဘုံငါးဖမ်းကွက်အဖြစ် ပြောင်းလဲထားသော နေရာများတွင် အခိုင်အမာအတားအဆီးများ၊ ပုံသေစိုက်ကိရိယာများကို ဘုံငါးဖမ်းကွက်များအတွင်း လိုင်စင်ထုတ်ပေးခြင်းနှင့် ခွင့်ပြုငါးဖမ်းခြင်းမပြုလုပ်ရန် တားမြစ်ရမည်။

(ဂ) ကမ်းနီးငါးဖမ်းလုပ်ငန်းအတွက် ငါးဖမ်းကိရိယာလိုင်စင်ခများကို သတ်မှတ်ထားသော နှုန်းထားများဖြင့် ကောက်ခံရမည်။

(ဃ) ဥပဒေအခန်း (၃) ပုဒ်မ (၆) နှင့် (၇)တို့အရ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားလာပါ က ခရိုင်ဦးစီးဌာနမှူး၏ ထောက်ခံချက်နှင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြလျှောက်ထားရမည်။

၄၁။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ပုံစံ (၁၄)စာရင်းအရ လျှောက်ထားသူများထံမှ ငါးဖမ်းကိရိယာလိုင်စင်ခကို အပြေအကျေကောက်ခံပြီး ပုံစံ(၁၅)(ငါးဖမ်းကိရိယာလိုင်စင်)ကို ထုတ်ပေးရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ လိုင်စင်ထုတ်ပေးထားသူများ အမည်စာရင်းကို ပုံစံ(၁၆) (ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးထားသူများစာရင်း)ဖြင့် လစဉ်ပြုစု၍ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနများသို့ တစ်စောင်စီ ပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ် ထားရမည်။

၄၂။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) နည်းဥပဒေ (၄၀) နည်းဥပဒေခွဲ(က)အရ ငါးဖမ်းကိရိယာ လိုင်စင်ခ ကောက်ခံရာတွင်-

(၁) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း ကောက်ခံရမည်။

(၂) ငါဖမ်းကိရိယာ အမျိုးအစားအလိုက် သတ်မှတ်ထားသည့်နှုန်းထားနှင့် အကျုံးမဝင်သော ငါးဖမ်းကိရိယာကို အနီးစပ်ဆုံးတူညီသည့် ငါးဖမ်းကိရိယာ၏ သတ်မှတ်နှုန်းအတိုင်း ကောက်ခံရမည်။

(၃) ငါးဖမ်းကိရိယာတစ်ခုသည် နည်းမျိုးစုံပြောင်းလဲအသုံးပြုနိုင်ပါက အမြင့်ဆုံးပေးဆောင်ရမည့် ငါးဖမ်းကိရိယာနှုန်းထားဖြင့် ကောက်ခံရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ကောက်ခံရရှိသော ငါးဖမ်းကိရိယာ လိုင်စင်ခများကို ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

၄၃။ ဦးစီးဌာနသည် သတ်မှတ်ထားသည့် လိုင်စင်တန်းဖိုးနှုန်းထားအတိုင်း ပုံနှိပ်ထားရှိသည့် ပုံစံ (၁၅)(ငါးဖမ်းကိရိယာလိုင်စင်)ကို အသုံးပြုရမည်။

၄၄။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရာတွင် လိုင်စင်ခကို နည်းဥပဒေ (၄၂) အရ လိုင်စင်ပုံစံတစ်ခု၏ တန်ဖိုးငွေဖြင့် မလုံ

လောက်လျှင် ယင်းလိုင်စင်တန်ဖိုးငွေ ပြည့်မီအောင် လိုင်စင်ပုံစံများကို ပူးတွဲ၍ အသုံးပြုနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ လိုင်စင်ပုံစံကို တစ်ခုထက်ပို၍ အသုံးပြုပါက ပူးတွဲထုတ်ပေးသည့် လိုင်စင်ပုံစံတွင် အချက်အလက်များကို ထပ်မံရေးသွင်းရန်မလိုဘဲ လိုင်စင်တန်ဖိုးကို ဖော်ပြ၍ လက်မှတ်ရေးထိုးပေးရမည်။

(ဂ) ငါးဖမ်းကိရိယာလိုင်စင် ရရှိသူက လိုင်စင်ရရှိထားသော ငါးဖမ်းကိရိယာအမျိုးအစားမှအပ အခြားငါးဖမ်းကိရိယာအမျိုးအစားကို ပြောင်းလဲအသုံးပြုလျှင် ယင်းငါးဖမ်းကိရိယာအတွက် လိုင်စင်ခ ထပ်မံကောက်ခံရမည်။

၄၅။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ငါးဖမ်းကိရိယာလိုင်စင်ပုံစံ သုံးစွဲမှုစာရင်းကို ပုံစံ(၁၇)(ငါးဖမ်းကိရိယာလိုင်စင်အရ၊ အသုံးမှတ်ပုံတင်)ဖြင့် စနစ်တကျ ထိန်းသိမ်းထားရမည်။

(ခ) ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးသည့်အခါ ပုံစံ(၁၈)(ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးထားရှိမှု မှတ်ပုံတင်)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းဖော်ပြပြီး ထိန်းသိမ်းထားရမည်။

၄၆။ မြို့နယ်ဦးစီးဌာနမှူးသည် လကုန်သည့်အခါ ပုံစံ(၁၉)(ငါးဖမ်းကိရိယာလိုင်စင် လချုပ်စာရင်း)ကို ပြုစု၍ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး၊ ခရိုင်ဦးစီးဌာနမှူးများသို့ တစ်စောင်စီပေးပို့ပြီး ကျန်တစ်စောင်ကို ရုံးလက်ခံအဖြစ် ထားရမည်။

၄၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) ငါးဖမ်းကိရိယာများဖြင့် လိုင်စင်ရယူလုပ်ကိုင်ခြင်း ရှိ/ မရှိကို ခရိုင်ဦးစီးဌာနမှူး သို့မဟုတ် ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးအား ကြီးကြပ်စစ်ဆေးရန် တာဝန်ပေးအပ်နိုင်သည်။

(ခ) ငါးဖမ်းကိရိယာလိုင်စင်ခ နှုန်းထားများကို သတ်မှတ်ပြဋ္ဌာန်း ပေးရမည်။

(ဂ) ဥပဒေအခန်း(၃)ပုဒ်မ (၆) နှင့် (၇) အရ လုပ်ငန်းများကို လုပ်ကိုင်မည့်သူက လိုင်စင်လျှောက်ထားလာခြင်းကို စိစစ်၍ လိုင်စင် ထုတ်ပေးနိုင်သည်။

၄၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) ယခင်လ လချုပ်စာရင်းမှ လက်ကျန်အဖြစ် ဖော်ပြထားသည့် ငွေများနှင့် လက်ခံရရှိသည့် လချုပ်စာရင်းတွင် ဖော်ပြထားသော စာရင်းဖွင့်လက်ကျန်ငွေများ၊ ကောက်ခံရရှိငွေများ ကိုက်ညီ မှန်ကန်မှု ရှိ/ မရှိ စစ်ဆေးရမည်။

(ခ) လချုပ်စာရင်းတွင် ဖော်ပြထားသော လိုင်စင်ပုံစံစာရင်းနှင့် တိုင်းဒေသကြီးရုံးသို့ ပေးပို့ထားသော လိုင်စင်ပုံစံများ ကိုက်ညီ မှန်ကန်မှု ရှိ/ မရှိ စစ်ဆေးရမည်။

(ဂ) လိုင်စင်ခများ ဘဏ်သို့ပေးသွင်းခြင်း ရှိ/ မရှိ တိုင်းဒေသကြီးရုံး ရှိ စာရင်းနှင့် တိုက်ဆိုင် စစ်ဆေးရမည်။

(ဃ) သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံး၏ လချုပ်စာရင်း၌ ဖော်ပြ ထားသည့် ထုတ်ပေးထားသော လိုင်စင်ပုံစံအမျိုးအစား အလိုက် တန်ဖိုးသင့်ငွေကိုလည်းကောင်း၊ ဘဏ်သို့ ပေးသွင်း ပြီးသည့် ငွေကိုလည်းကောင်း၊ တိုင်းရုံးရှိ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနမှူးရုံး၏ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းပြုစုထား ရမည်။

(င) နည်းဥပဒေခွဲ(က)မှ နည်းဥပဒေခွဲ(ဂ)ပါ စစ်ဆေးရမည့် လုပ်ငန်းတာဝန်များကို ခရိုင်ဦးစီးဌာနမှူး သို့မဟုတ် ပြန်တမ်းဝင် အရာရှိတစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။

## အခန်း(၆)

### နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း

၄၉။ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သည် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်တွင် ငါးလုပ်ငန်းလုပ်ကိုင်လိုပါက နိုင်ငံတော်မှ ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ပြီး ပုံစံ(၂၀)(ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်လွှာ)တွင် အချက်အလက်များကို ပြည့်စုံစွာရေးသွင်းပြီး တိုင်းဒေသကြီးဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၅၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ (၄၉)အရ လျှောက်လွှာ လက်ခံရရှိပါက စိစစ်ပြီး ခွင့်ပြုသင့်သည်ဟု ယူဆလျှင် အောက်ပါအချက်များ အပေါ် အခြေခံ၍ ပေးဆောင်စေသင့်သည့် အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နိုင်ငံခြားငွေအမျိုးအစားနှင့် ဈေးနှုန်းတို့ကို သတ်မှတ်ဖော်ပြပြီး မိမိသဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးထံ တင်ပြရမည်-

(က) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ လွန်ခဲ့သော ငါးနှစ် ပျှမ်းမျှဈေးနှုန်း၊

(ခ) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ယခင်နှစ် ဈေးနှုန်း၊

(ဂ) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်၏ ငါးအထိအမိ အခြေအနေ၊

(ဃ) လျှောက်ထားသည့် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် ပျက်စီးတိမ်ကောခြင်း ရှိ/ မရှိ။

၅၁။ ဝန်ကြီးသည် နည်းဥပဒေ (၅၀)အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက တင်ပြလာသည့် လျှောက်လွှာကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၂။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်-

(က) နည်းဥပဒေ (၅၁)အရ ဝန်ကြီး၏ ခွင့်ပြုချက်ရရှိလျှင် အင်းခွန် သို့မဟုတ် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် ပေးသွင်းစေရန် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူအား ညွှန်ကြား ရမည်။

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူထံမှ အင်းခွန် သို့မဟုတ် တင်ဒါ ကြေးနှင့် လိုင်စင်ခ လက်ခံရရှိလျှင် ပုံစံ(၆)(အငှားဂရန်) သို့မဟုတ် ပုံစံ(၁၂)(တင်ဒါလိုင်စင်)ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

(ဂ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ထုတ်ပေးသည့်အခါ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက လိုက်နာရမည့် စည်းကမ်း ချက်များကို သတ်မှတ်ပေးရမည်။

## အခန်း (၇)

## မိတ္တူမှန် လျှောက်ထားခြင်း

၅၃။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် မိမိ၏အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် ပျောက်ဆုံးပါက ယင်းသို့ပျောက်ဆုံးသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း မိတ္တူမှန်ရရှိရန် သက်ဆိုင်ရာဦးစီးဌာနမှူးထံ လျှောက်ထားရမည်။

၅၄။ သက်ဆိုင်ရာဦးစီးဌာနမှူးသည် နည်းဥပဒေ (၅၃)အရ လျှောက်လွှာ လက်ခံရရှိလျှင် စိစစ်ပြီး မှန်ကန်ပါ က အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်း ကိရိယာ လိုင်စင်တို့အတွက် သက်မှတ်ထားသော ဒဏ်ကြေးငွေများကို ပေးသွင်း စေ၍ သက်ဆိုင်ရာမိတ္တူမှန်ကို ထုတ်ပေးရမည်။

၅၅။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် နည်းဥပဒေ (၅၄)အရ သက်ဆိုင်ရာမိတ္တူမှန် ရရှိပြီးနောက် မိမိပျောက်ဆုံးသည့် မူရင်းပြန်လည်တွေ့ရှိ လျှင် မူရင်းကို သက်ဆိုင်ရာဦးစီးဌာနမှူးထံ ပြန်လည်အပ်နှံရမည်။

## အခန်း(၈)

## အငှားဂရန်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၅၆။ အငှားဂရန်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် ဝန်ကြီးက အငှားဂရန်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလျှင်ဖြစ်စေ၊ အင်းခွန်ငွေကို ပေးဆောင်ရန် ပျက်ကွက်လျှင်ဖြစ်စေ၊ အငှားဂရန်အင်းနှင့် စပ်လျဉ်း၍ ကျန်ရှိသည့် ငါးဖမ်းရာသီအတွက် ဂရန်အင်းကို ထပ်မံလေလံတင်ရောင်းချရာတွင် မူလချထားသည့်တန်ဖိုး မပြည့်မီပါက ယင်းနစ်နာဆုံးရှုံးမှုကို ပေးလျော်ရမည်။

(ခ) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသည့် အငှားဂရန်အင်း၏ အစိတ်အပိုင်းတစ်ခုခုကို ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် အခြားသူတစ်ဦးတစ်ယောက်အား လုပ်ကိုင်ခွင့်ပြုပါက ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို မိမိကိုယ်တိုင် ဆောင်ရွက် သကဲ့သို့ တာဝန်ခံရမည်။

(ဂ) ငါးဖမ်းလုပ်ကိုင်ခွင့်ရှိသည့် အငှားဂရန်အင်း ဧရိယာအတွင်း၌သာ ငါးဖမ်းခွင့်ရှိသည်။

(ဃ) အငှားဂရန် စည်းကမ်းချက်ပါအတိုင်း ဆည်၊ ငါးဖမ်းကိရိယာများ ပြုပြင်တည်ဆောက်ခြင်းကို ငါးဖမ်းခွင့်ပြုရက်မတိုင်မီ ၃၀ ရက်ကြိုတင်၍ ပြင်ဆင်နိုင်သည်။

(င) အငှားဂရန်စည်းကမ်းချက်များအား ပြောင်းလဲလုပ်ကိုင်လိုကြောင်း မြို့နယ်ဦးစီးဌာနမှူးထံ တင်ပြလာပါက မြို့နယ်ငါးလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ သဘောထားဖြင့် ကျိုးကြောင်းဖော်ပြချက် ပြည့်စုံစွာဖော်ပြ၍ ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ လုပ်ကိုင်ခွင့်ရှိမည်။

(စ) တောချဆည်၊ မြင်း၀န်းဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အ၀ချုပ်ဆည် သို့မဟုတ် ဘ၀န်းကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဆ) တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ခွင့်ပြုချက်မရရှိဘဲ တောချဆည်၊ အကယ်ဆည်၊ ဂျမ်း၊ အ၀ချုပ်ဆည် သို့မဟုတ် ဘ၀န်းကို သက်မှတ်ရက်မတိုင်မီ ချထားခြင်းမပြုရ။ အဆိုပါ ဆည်များကို ဧပြီလ၊ ၃၀ ရက်နေ့တွင် ကုန်စင်အောင် ဖယ်ရှားထားရမည်။

(ဇ) မြစ်များ၊ ချောင်းများ၊ မြောင်းများနှင့် အင်းများ၌ ငါးဖမ်းလုပ်ငန်းကို မထိခိုက်စေသည့် ဒေသအခြေအနေနှင့် ကိုက်ညီသော လှေ၊ မော်တော် သွားလာနိုင်သည့် လမ်းကို လုံလောက်စွာထားရှိရမည်။

(ဈ) တောချဆည်၊ မြင်း၀န်းဆည်တို့ချထားသော အထက်ပိုင်းရှိ ဂရန်အင်းမှ ရေစီးရေလာသည် အောက်ပိုင်းရှိ ဂရန်အင်းအတွင်း စီးဆင်းနေသဖြင့် ယင်းသို့ ရေစီးရေလာဆက်စပ်နေပါ က အောက်အင်းလုပ်ငန်း ပြီးဆုံးချိန်အထိ ဆည်များ တားဆီး၍ ပိတ်ထားရမည်။

(ည) အထက်ပိုင်းရှိ ဂရန်အင်းနှင့် အောက်ပိုင်းရှိ ဂရန်အင်း ရေစီးရေလာဆက်စပ်နေပါက အထက်ပိုင်းမှ အောက်ပိုင်းသို့ လာသော ငါးများဖမ်းဆီးရန် အထက်ပိုင်းရှိ ဂရန်အင်းတွင် အ၀ချုပ်ဆည်ကို အသုံးပြုခွင့်မရှိစေရန် ဆောင်ရွက်ရမည်။

(ဋ) ဂရန်အင်းအတွင်းမှ ဒိုက်၊ မှော်များအား အနီးအနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ ဖေဖော်၀ါရီလကုန်နေ့မတိုင်မီ အကုန်အစင် ရှင်းလင်းဖျက်ဆီး ဖယ်ရှားရမည်။

(ဌ) ဂရန်အင်းမှ သစ်ပင်၊ ငုတ်၊ တိုင်နှင့် အမှိုက်စသည်တို့ကို နှစ်စဉ် ၀ါခေါင်လမတိုင်မီ အနီးအနားရှိ သစ်ပင်များကို မထိခိုက်စေဘဲ ရှင်းလင်းရမည်။

(ဆ) အထက်ပိုင်းဂရန်အင်းနှင့် အောက်ပိုင်းအင်း ရေစီးရေလာဆက်စပ်နေပါက အထက်ဂရန်အင်း၏ အင်းနယ်နိမိတ်အတွင်းရှိ နောက်ဆုံးဆည်ခြေရင်းရေပြင်ကို အောက်ပိုင်းဂရန်အင်းအငှားဂရန် ရရှိသူက ပိုင်ဆိုင်ခွင့် ရှိရမည်။

(ဇ) တောချဆည်နှင့် မြင်း၀န်ဆည်ကို အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက နည်းဥပဒေ(၅၆)၊ နည်းဥပဒေခွဲ(ဈ)နှင့်အညီ ပိတ်ဆို့ထားရန် ပျက်ကွက်လျှင် အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက ပိတ်ဆို့ထားနိုင်ခြင်း၊ အထက်ပိုင်းရှိ အငှားဂရန်ရရှိသူက ဂရန်အင်းကို ဆက်လက်လုပ်ကိုင်ခြင်းမရှိလျှင် အောက်ပိုင်းရှိ အငှားဂရန်ရရှိသူက ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် အထက်ပိုင်းရှိ ဂရန်အင်းကို ကျသင့်သောအခွန်အခ ပေးဆောင်၍ လုပ်ကိုင်ခွင့် ရှိရမည်။

(ဈ) သီးသန့်အင်းနှင့် လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင် အထက်ပိုင်းရှိ ဂရန်အင်းတွင် အဝချုပ်ဆည်ကို တန်ခူးလပြည့်နေ့အထိ အသုံးပြုခွင့် ရှိရမည်။

(ည) မိမိဂရန်အင်းအတွင်း အဝချုပ်ဆည်ကို အသုံးပြုခွင့်ရှိသော်လည်း အောက်ပိုင်းရှိ ဂရန်အင်းနှင့် ရေစီးရေလာဆက်စပ်နေပါ က ဂရန်အင်းနှစ်ခုအကြား အမြဲတန်းတားဆီး၍ ပိတ်ထားသည့် ယင်းတန်းများ ချထားခွင့် မရှိစေရ။

(ဋ) ဂရန်အင်းများတွင် ဦးစီးဌာန၏ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ တောချဆည်နှင့် အဝချုပ်ဆည်များအပြင် အောက်ပါငါးဖမ်းကိရိယာများကို အသုံးပြုနိုင်သည်-

(၁) ထောင်ချောက်များ (ထောင်ချောက်၏ အစိတ်အကွဲတစ်ခုနှင့်တစ်ခုသည် - လက်မအောက်လျော့နည်းပါက ဖမ်းဆီးခွင့် မရရှိစေရ)၊

(၂) ဂျမ်းများ၊

(၃) ဘဝန်းများ (၄င်းဘဝန်းများအတွင်း ကိုင်းရိုးများကို ရေအောက်ရေပေါ်၌ စိုက်ထားနိုင်သည်၊ သို့သော်လည်း ငါးဖမ်းလုပ်ကိုင်သည့် ရာသီကုန်ဆုံးသည့်အခါ ဖယ် ရှားရမည်)၊

(၄) ပိုက်သီသောကြိုးတစ်လျှောက် တိုင်းတာ၍ အထုံး တစ်ခုနှင့်တစ်ခုအကြား - လက်မအောက်မလျော့သော ပိုက်ကွန်များ၊

(၅) ဆောင်းများ၊

(၆) ငါးမျှားချိတ်များ၊

(၇) ပုစွန်ဖောင်များ၊

(၈) မြင်းဝန်းဆည်များ။

(ဃ) ဂရန်အင်းလုပ်ကိုင်ခွင့်ကို ရေချိုငါးလုပ်ငန်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများတွင် သီးခြားပြဋ္ဌာန်းထားခြင်းမရှိလျှင် ဂရန် အင်းကို ဒေသဓလေ့ထုံးစံနှင့်အညီ ဆောင်ရွက်ရမည်။

(ဎ) ဂရန်အင်းများအတွင်း ရေချိုငါးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ် နည်းများနှင့် စည်းမျဉ်းစည်းကမ်းများတွင် သီးခြားပြဋ္ဌာန်း ခြင်း မရှိသော်လည်း အင်းဧရိယာအတွင်း၌ ငါးဖမ်းလုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့် တည်နေရာ၊ ငါးဖမ်းကိရိယာနှင့် ငါး ဖမ်းနည်းစနစ်များသည် ၃ နှစ်ဆက်တိုက် လုပ်ကိုင်ခဲ့ရာတွင် ဒေသတွင်း ပြဿနာဖြစ်ပွားခြင်း မရှိခဲ့ပါက တိုင်းဒေသကြီး ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ အတည်ပြုချက်ရယူရမည်။

( စ) အင်းဂရန်စည်းကမ်းချက်တွင် ခွင့်ပြုသည့်ငါးဖမ်းရက်ထက် ကျော်လွန်ငါးဖမ်းခွင့် လျှောက်ထားခြင်းကို ကျိုးကြောင်းခိုင်လုံ ပါက သတ်မှတ်ကာလမကုန်ဆုံးမီ ၃၀ ရက် ကြိုတင်၍

တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြ လျှောက်ထားရမည်။

(ဏ) တိုင်းဒေသကြီး၏အကျိုးငှာ လိုအပ်၍ အငှားဂရန်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းထားသည့် အင်း ခွန်မှ ပြန်အမ်းငွေကို လျှောက်ထားနိုင်သည်။

(တ) အင်းချောင်းနှင့် အင်းချောင်းဇရိယာ နယ်နိမိတ်အတွင်း ဘဲမွေး မြူခြင်း၊ ဘဲလွှတ်ကျောင်းခြင်းများအတွက် ဘဲကောင်ရေ ၁၀၀ အထိ တစ်ပိုင်တစ်နိုင် ခွင့်ပြုပေးရမည်။

## အခန်း(၉)

## တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၃၈။ တင်ဒါလိုင်စင်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သဖြင့် ဝန်ကြီး က တင်ဒါလိုင်စင်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလျှင်ဖြစ်စေ၊ တင်ဒါခွန်ငွေကို ပေးဆောင်ရန်ပျက်ကွက်လျှင် ဖြစ်စေ တင်ဒါချက်နှင့်စပ်လျဉ်း၍ ကျန်ရှိသည့် ငါးဖမ်းရာသီ အတွက် ထပ်မံလေလံတင်ရောင်းချရာတွင် မူလချထားသည့် တန်ဖိုး မပြည့်မီပါ က လျော့နည်းသွားသော အခွန်ငွေကို ပေး လျော်ရမည်။

(ခ) တင်ဒါချက် နယ်နိမိတ်အတွင်း၌သာ ငါးဖမ်းရမည်။

(ဂ) တင်ဒါချက် လုပ်ကိုင်ခွင့်စည်းကမ်းချက်တွင် ဖော်ပြထားသည့် ငါးဖမ်းဆီးခွင့်ကာလအတွင်း ငါးဖမ်းရမည်။

(ဃ) တင်ဒါချက် လုပ်ကိုင်ခွင့်စည်းကမ်းချက်များအား ပြောင်းလဲ လုပ်ကိုင်လိုကြောင်း မြို့နယ်ဦးစီးဌာနမှူးထံ တင်ပြလာပါက မြို့နယ်ငါး လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ သဘောထား

မှတ်ချက်ဖြင့် ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် တိုင်းဒေသကြီး ဦးစီးဌာနမှူးထံ တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ ပြောင်းလဲ လုပ်ကိုင်ခွင့်ရှိမည်။

(င) အခိုင်အမာအတားအဆီး သို့မဟုတ် ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ပြန်လည်ဖယ်ရှားရမည်။

(စ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ်များသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေ ကြောင်းလမ်း ထားရှိပြီး ၎င်းအား နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့် လည်းကောင်း အချက်ပြထားရမည်။

(ဆ) ဘုန်းကြီးကျောင်းပရိဝုဏ်မှ ကိုက် ၁၀၀ အတွင်း ငါးဖမ်းခြင်း ကို ရှောင်ရှားရမည်။

(ဇ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက် များကို လိုက်နာရမည်။

၅၉။ တင်ဒါလိုင်စင်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တင်ဒါလိုင်စင်ရရှိသူ ကိုယ်တိုင်လုပ်ကိုင်နိုင်စွမ်း မရှိပါက ရက်ပေါင်း ၃၀ အတွင်း ၎င်း၏ အမွေဆက်ခံပိုင်သူက သက် ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။ လုပ် ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုရေးအတွက် မြို့နယ်ဦးစီး ဌာနမှူးမှတစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံ လျှောက်ထားရန် ဖြစ်ပြီး ခရိုင်ဦးစီးဌာနမှူးက စိစစ်ခွင့်ပြုရမည်။

(ခ) နိုင်ငံတော်၏အကျိုးငှာ လိုအပ်၍ တင်ဒါလိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင် မိမိပေးသွင်းရသည့် တင်ဒါ ကြေးမှ ပြန်အမ်းငွေကို လျှောက်ထားနိုင်ခွင့်ရှိသည်။

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် တင်ဒါငါးဖမ်းကွက်တွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာ အရေအတွက်ဖြင့် သတ်မှတ်ထားသောနေရာတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည်။

## အခန်း(၁၀)

## ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၆၀။ ငါးဖမ်းကိရိယာလိုင်စင် ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ငါးဖမ်းကိရိယာတစ်ခုခုကို အသုံးပြုပြီးပါက ရေစီးရေလာကို အနှောင့်အယှက်မဖြစ်စေရန် ဖယ်ရှားထားရမည်။

(ခ) သစ်ဖောင်များ၊ အခြားသစ်တောထွက်ပစ္စည်းများ မျှောချမှုနှင့် ရေယာဉ်များသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရန် ရေကြောင်းလမ်း ထားရှိပြီး ၎င်းအား နေ့အချိန်တွင် မြင်သာသော အမှတ်အသားများဖြင့်လည်းကောင်း၊ ညအချိန်တွင် မီးဖြင့်လည်းကောင်း၊ ရေကြောင်းလမ်းကို အချက်ပြထားရမည်။

(ဂ) မိမိလုပ်ကိုင်ခွင့်ရရှိသည့် နေရာဒေသတွင် ခွင့်ပြုထားသည့် ကာလအတွင်း ခွင့်ပြုထားသည့် ငါးဖမ်းကိရိယာ အရေအတွက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည်။

(ဃ) ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

## အခန်း(၁၁)

## ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆၁။ ဝန်ကြီး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် ညွှန်ကြားခြင်း၊

(ခ) မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီများကို ဖွဲ့စည်းခြင်း၊

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း၊

(ဃ) ဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ခြင်း၊

(င) ဝန်ကြီးသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသော တာဝန်များကို တိုင်းဒေသကြီးဦးစီးဌာနမှူးအား လွှဲအပ်ဆောင်ရွက်စေခြင်း။

၆၂။ ဝန်ကြီး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝန်ကြီးသည် ဥပဒေပုဒ်မ(၂၀)၊ ပုဒ်မခွဲ(က)အရ ရေချိုငါးလုပ်ငန်းရေပြင်တို့ကို အမျိုးအစားသတ်မှတ်ရာတွင်လည်းကောင်း၊ ပြောင်းလဲသတ်မှတ်ရာတွင်လည်းကောင်း ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရန် တိုင်းဒေသကြီးဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

(ခ) ဝန်ကြီးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူတစ်ဦးက ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ဥပဒေပုဒ်မ(၂၀)၊ ပုဒ်မခွဲ(ဃ)အရ အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီ မကုန်ဆုံးသေးပါက အခြားသူတစ်ဦးဦးအား ထပ်မံအငှားချထားနိုင်ရန် တိုင်းဒေသကြီးဦးစီးဌာနမှူးအား ညွှန်ကြားနိုင်သည်။

(ဂ) ဝန်ကြီးသည် နည်းဥပဒေ(၁၆)၊ နည်းဥပဒေခွဲ(ဂ)အရ ပိတ်သိမ်းခွင့်ပြုရန် တင်ပြလာသော ဂရန်အင်းများကို တင်ပြသည့် ငါးဖမ်းတစ်ရာသီအတွက် ပိတ်သိမ်းခွင့်ပြုနိုင်သည်။

(ဃ) ဝန်ကြီးသည် နည်းဥပဒေ(၃၆)၊ နည်းဥပဒေခွဲ(ခ)အရ ပိတ်သိမ်းခွင့်ပြုရန် တင်ပြလာသော တင်ဒါငါးဖမ်းကွက်တို့ကို တင်ပြသည့် ငါးဖမ်းတစ်ရာသီအတွက် ပိတ်သိမ်းခွင့်ပြုနိုင်သည်။

## အခန်း( ၁၂ )

## တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆၃။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် နည်းဥပဒေ(၆၂)အရ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ရေချိုငါးလုပ်ငန်း ရေပြင်အမျိုးအစားအသစ် သတ်မှတ်ခြင်း သို့မဟုတ် ပြောင်းလဲသတ်မှတ်ခြင်းပြုရာတွင် အသစ်သတ်မှတ်သည့် သို့မဟုတ် ပြောင်းလဲသတ်မှတ်သည့် ဧရိယာကို တစ်ပါတည်းသတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပြီးပါက ဝန်ကြီးထံ ဆက်လက်၍ အတည်ပြုချက်ရယူ ဆောင်ရွက်ရမည်။

(ခ) ရေချိုငါးလုပ်ငန်းရေပြင်အမျိုးအစား ပြောင်းလဲသတ်မှတ်ရာတွင် ငါးလုပ်ငန်းလုပ်ကိုင် ခွင့်ပြုထားသည့် အချိန်ကာလ ကျော်လွန်ပြီးမှသာ ပြောင်းလဲသတ်မှတ်ရမည်။

၆၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပိတ်သိမ်းခွင့်ပြုရန် တင်ပြလာသည့် ဂရန်အင်းနှင့် တင်ဒါချက်တို့ကို ပိတ်သိမ်းရန် သင့်/ မသင့် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ ဝန်ကြီးထံ တင်ပြရမည်။

၆၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ(၂၄) ပုဒ်မခွဲ(က)အရ အရေးယူသည့်ကိစ္စတွင် ငါးဖမ်းရာသီမကုန်ဆုံးသေးပါက သက်ဆိုင်ရာ အငှား

ဂရန် ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင် ရရှိသူက ပေးသွင်းရန်ကျန်ရှိသည့် အခွန်အခများကို ဥပဒေပုဒ်မ(၂၅) ပုဒ်မခွဲ(င)အရ သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးအား အပြေအကျေကောက်ခံရန် ညွှန်ကြားနိုင်သည်။

၆၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ(၂၄) ပုဒ်မခွဲ(ခ)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို လေလံတင်ရောင်းချရေးအဖွဲ့ ဖွဲ့စည်း၍ အဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊ လေလံတင်ရောင်းချစေခြင်း၊

(ခ) လေလံတင်ရောင်းရငွေကို ဘဏ်သို့ ပေးသွင်းစေခြင်း၊

(ဂ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီးသော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာနှင့် အခြားသက်သေခံပစ္စည်းများကို အစိုးရဌာနတစ်ခုခုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ လွှဲပြောင်းပေးရန် သို့မဟုတ် ရောင်းချပေးရန် လျှောက်ထားလာပါက စိစစ်ပြီး လွှဲပြောင်းပေးခြင်း သို့မဟုတ် ဈေးနှုန်းသတ်မှတ်၍ ရောင်းချပေးခြင်း။

၆၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ(၂၄) ပုဒ်မခွဲ(ဂ)အရ အရေးယူသည့်ကိစ္စတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းမပြုမီ ငါးဖမ်းရေယာဉ်၊ ယာဉ်နှင့် ငါးဖမ်းကိရိယာများကို ထိန်းသိမ်းခွင့်ပြုရန် သို့မဟုတ် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုရန် ပိုင်ရှင် သို့မဟုတ် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက လျှောက်ထားလာပါက စိစစ်ခွင့်ပြုခြင်း၊ ယင်းသို့ ခွင့်ပြုပါက ခိုင်လုံသော ခံဝန်သူနှစ်ဦးအား ခံဝန်ငွေပမာဏ သတ်မှတ်၍ ခံဝန်ချုပ် ချုပ်ဆိုစေခြင်း၊

(ခ) ခံဝန်ချုပ် ချုပ်ဆိုပြီးပါက ငါးဖမ်းရေယာဉ် ၊ ယာဉ်နှင့်ငါးဖမ်းကိရိယာများကို လျှောက်ထားသူအား ယာယီထိန်းသိမ်း ခွင့်ပြုခြင်း။

၆၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်မှ ငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခြင်း၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့် ငါးဖမ်းခြင်းကိစ္စများကို ကြီးကြပ် ထိန်းသိမ်းရန် ဆောင်ရွက်ခြင်း၊

(ဂ) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများ မပျက်စီး မပြုန်းတီးစေရန် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင်များ ညစ်ညမ်းမှုမရှိစေရန်နှင့် ပျက်စီးခြင်းမှ ကာကွယ်ရန်တို့ကို စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(င) ဖမ်းဆီးရမိသော သက်သေခံပစ္စည်းများသည် တားမြစ်ငါးဖမ်းကိရိယာများဖြစ်ပါက ဖျက်ဆီးခွင့်ပြုခြင်း၊

(စ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေနှင့် ဤနည်းဥပဒေများအရ မိမိအား အပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို မိမိကိုယ်တိုင်ဖြစ်စေ၊ ဦးစီးဌာနရှိ ပြန်တမ်းဝင် အရာရှိအဆင့်ထက် မနိမ့်သူတစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၁၃) (က)

## ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ပယ်ဖျက်ခြင်း

၆၉။ ရပ်ရွာအတွင်း ငါးလုပ်ငန်းကို အစုအဖွဲ့ဖြင့် လုပ်ကိုင်လိုသူများသည် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းနိုင်သည်။ အစုအဖွဲ့၏ သင်းဖွဲ့စည်းမျဉ်းကို ရေးဆွဲနိုင်သည်။

၇၀။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့တွင် အသင်းဝင်အဖြစ် ပါဝင်မည့်သူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ ဖြစ်ရမည်-

(က) ငါးလုပ်ငန်းလုပ်ကိုင်မည့် ရေပြင်ဧရိယာနှင့် ဆက်စပ်သည့် နယ်နိမိတ်အတွင်း အမှန်တကယ်နေထိုင်သူ ဖြစ်ရမည်။

(ခ) အသင်းဝင်အဖြစ် မိမိ၏ လွတ်လပ်သောသဘောဆန္ဒဖြင့် ပါဝင်သူ ဖြစ်ရမည်။

(ဂ) အသင်းဝင်တစ်ဦးသည် အခြားရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့တွင် ပါဝင်သူ မဖြစ်စေရ။

(ဃ) မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတွင် ရေလုပ်သားအဖြစ် မှတ်ပုံတင်ထားသူ ဖြစ်ရမည်။

(င) အကျင့်စာရိတ္တကောင်းမွန်ပြီး အများနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသူ ဖြစ်ရမည်။

(စ) သင်းဖွဲ့စည်းမျဉ်းကို လိုက်နာနိုင်သူ ဖြစ်ရမည်။

၇၁။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့တွင် ကော်မတီဝင်အဖြစ် ပါဝင်မည့်သူများသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်ရမည်-

(က) နည်းဥပဒေ(၇၀)ပါ အရည်အချင်းများနှင့်ပြည့်စုံသူ ဖြစ်ရမည်။

(ခ) အသက် ၂၅ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

(ဂ) မြန်မာစာကို ရေးတတ်ဖတ်တတ်ပြီး ဂဏန်းသင်္ချာအခြေခံရှိသူ ဖြစ်ရမည်။

(ဃ) ငါးလုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။

(င) ကော်မတီတာဝန်ကို အချိန်မရွေးထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(စ) လူမှုဆက်ဆံရေးပြေပြစ်သူ ဖြစ်ရမည်။

(ဆ) ငါးလုပ်ငန်းဥပဒေအရ အရေးယူအပြစ်ပေးခံရဖူးသူနှင့် ဥပဒေတစ်ရပ်ရပ်အရ ငွေကြေးနှင့်စပ်လျဉ်း၍ အရေးယူအပြစ်ပေးခြင်း ခံရဖူးသူ မဖြစ်စေရ။

(ဇ) အမည်ပျက်စာရင်းရှိသူ မဖြစ်စေရ။

၇၂။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ အသင်းဝင်အဖြစ်သော်လည်းကောင်း၊ ကော်မတီဝင်အဖြစ်သော်လည်းကောင်း ပါဝင်ဆောင်ရွက်ရာတွင် နည်းဥပဒေအရ သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူ ကျား/ မ မခွဲခြားဘဲ ပါဝင်ဆောင်ရွက်နိုင်သည်။

၇၃။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ ကော်မတီဝင်များအား အသင်းဝင်ဦးရေကိုလိုက်၍ ကော်မတီဝင် ၇ ဦးမှ ၁၁ ဦးအထိ ဖွဲ့စည်းနိုင်သည်။

၇၄။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်များသည် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒဖြင့် ကော်မတီဝင်များကို ရွေးချယ်ပေးရမည်။

၇၅။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းကော်မတီဝင်များထဲမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်များအဖြစ် တာဝန်ပေးအပ်မည့်သူများကို ကော်မတီဝင်များ၏ သဘောဆန္ဒဖြင့် ရွေးချယ် တာဝန်ပေးရမည်။

၇၆။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များသည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနတွင် မှတ်ပုံတင်ခွင့်လျှောက်ထားရမည်-

(က) လျှောက်ထားသူအစုအဖွဲ့ဝင်များသည် ငါးလုပ်ငန်း လုပ်ကိုင်မည့် ရေပြင်ဧရိယာနှင့် ဆက်စပ်သည့် နယ်နိမိတ်အတွင်း အမှန်တကယ်နေထိုင်ကြောင်း သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ခ) အစုအဖွဲ့လျှောက်ထားသည့် အဖွဲ့ဝင်များသည် အခြားအစုအဖွဲ့တွင် ပါဝင်ခြင်းမရှိကြောင်း ဝန်ခံချက်၊

(ဂ) ရေးဆွဲထားသည့် အသင်းအဖွဲ့စည်းမျဉ်းစည်းကမ်းများ၊

(ဃ) အစုအဖွဲ့ပိုင်ငွေစာရင်း သို့မဟုတ် ငွေစုစာအုပ်၊

(င) အစုအဖွဲ့ဝင်အားလုံး၏ ရေလုပ်သားကတ်။

၇၇။ မြို့နယ်ဦးစီးဌာနမှူးသည် သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီပါ က ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် ရပ်ရွာအခြေပြု ငါးလုပ်ငန်း အစုအဖွဲ့ တည်ထောင်လုပ်ကိုင်ခွင့်ကို မှတ်ပုံတင်ပေးရမည်။

၇၈။ မှတ်ပုံတင်ပြီးသည့် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့သည် မိမိတို့အစုအဖွဲ့တွင် ကျင့်သုံးမည့်စည်းမျဉ်း၊ စည်းကမ်းများကို ရေးဆွဲပြီး အတည်ပြုထားရမည်။ အတည်ပြုပြီးသောစည်းမျဉ်း၊ စည်းကမ်းများကို လိုအပ်ပါက အသင်းဝင်အများစု၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်နိုင်သည်။

၇၉။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ ကော်မတီဝင်များ၏ သက်တမ်းသည် ဖွဲ့စည်းသည့်နေ့မှ ၃ နှစ်အထိ ဖြစ်သည်။ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အရည်အချင်း ပျက်ယွင်းခြင်းကြောင့်ဖြစ်စေ၊ မစွမ်းဆောင်နိုင်ခြင်းကြောင့်ဖြစ်စေ ကော်မတီဝင်တစ်ဦးဦး လစ်လပ်ပါက နည်းဥပဒေ(၇၃)၊ (၇၄)နှင့်အညီ ပြန်လည်ရွေးချယ်တင်မြှောက်ရမည်။ ရွေးချယ်တင်မြှောက်ခြင်းခံရသော ကော်မတီဝင်၏ သက်တမ်းသည် မူလကော်မတီ၏ ကျန်ရှိသော ကာလအတွက်သာ ဖြစ်သည်။

၈၀။ မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ဥပဒေပုဒ်မ (၃၄) ပြဋ္ဌာန်းချက်ပါ အခြေအနေတစ်ရပ်ရပ်ကြောင့် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များကို ဖျက်သိမ်းရန်လိုအပ်ကြောင်း မြို့နယ်ဦးစီးမှူးမှ တင်ပြလာပါက မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရန် အတည်ပြုခြင်း၊ ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၁၃) (ခ)

## ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ဝင်များနှင့် ကော်မတီဝင်များ၏ တာဝန်များ

၈၁။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ဝင်များ၏ တာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ဝင်အဖြစ် ဌာန၏ ပုံစံ (၂၁) ဖြင့် ပါဝင်လိုသော အစုအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့မှ သတ်မှတ်သော အဖွဲ့ဝင်ကြေးကို ထည့်ဝင်ရမည်။

(ဂ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့၏ စည်းမျဉ်း၊ စည်းကမ်းကို လိုက်နာရမည်။

(ဃ) ဥပဒေ၊ နည်းဥပဒေ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၈၂။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ ကော်မတီဝင်တစ်ဦးဦးသည် ကော်မတီဝင်အဖြစ် မှနုတ်ထွက်လိုပါက ကော်မတီသို့

ရက်ပေါင်း ၃၀ ကြိုတင်၍ တင်ပြရမည်။ ကော်မတီမှ အကျိုးအကြောင်း ညီညွတ်မှု ရှိ/ မရှိ ဦးစွာစိစစ်ရမည်။

(ခ) ကော်မတီဝင်တစ်ဦးဦးသည် ကော်မတီတာဝန်မှလည်းကောင်း၊ အစုအဖွဲ့ဝင်အဖြစ်မှလည်းကောင်း နုတ်ထွက်လိုပါက မြို့နယ် ဦးစီးဌာနမှူးထံ တင်ပြရမည်။

(ဂ) ကော်မတီဝင်တစ်ဦးချင်းသည် မိမိတို့တာဝန်ယူထားသည့် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ငွေစာရင်းရှင်းတမ်းများကို လစဉ်ကျင်းပသည့်ကော်မတီ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

(ဃ) ကော်မတီအစည်းအဝေးကို အနည်းဆုံးတစ်လတစ်ကြိမ် ပုံမှန်ကျင်းပ၍ အစည်းအဝေးမှတ်တမ်း ထားရှိရမည်။ လိုအပ်ပါက အရေးပေါ်အစည်းအဝေးများကို ခေါ်ယူကျင်းပနိုင်သည်။ အစည်းအဝေးမှတ်တမ်း၊ ငွေစာရင်းရှင်းတမ်းများနှင့် ဆုံးဖြတ်ချက်များကို အသင်းဝင်များမြင်သာသောနေရာတွင် ကပ်ထားရမည်။

(င) မိမိတို့ အစုအဖွဲ့အသင်းဝင်များ ငါးဖမ်းဆီးခွင့်ရရှိသော ဒေသ၏ သဘာဝပတ်ဝန်းကျင်အား မထိခိုက်စေရေးနှင့် ငါးလုပ်ငန်းကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစုအဖွဲ့ဝင်များအား အသိပညာပေးခြင်းနှင့် ဇဟုသုတပြန့်ပွားရေးတို့ကို ဆောင်ရွက်ပေးရမည်။

(စ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ဝင် အချင်းချင်းကြားတွင် အငြင်းပွားမှု ဖြစ်ပေါ်လာလျှင် ဥပဒေပုဒ်မ(၃၃)အရ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့ကော်မတီမှ ဖြေရှင်းဆောင်ရွက်ပေးရမည်။

(ဆ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ အချင်းချင်းကြားတွင် အငြင်းပွားမှုဖြစ်ပေါ်လာလျှင် ဥပဒေပုဒ်မ(၃၃)အရ ညှိနှိုင်း

ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန် မြို့နယ်ဦးစီးဌာနမှူးသို့ တင်ပြရမည်။

(ဇ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွင့်ပြုသော အင်း/ တင်ဒါချက်များအား မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားနိုင်သည်။

(ဈ) အစုအဖွဲ့ပိုင်ငွေများကို ဘဏ်တစ်ခုခုတွင် ငွေစုစာအုပ်သို့မဟုတ် ငွေစာရင်းဖွင့်လှစ်ထားရမည်။

(ည) ဘဏ်စာရင်းဖွင့်ရာတွင် ပူးတွဲငွေစာရင်းကို အနည်းဆုံးကော်မတီ အဖွဲ့ဝင် ၃ ဦး၏ အမည်ဖြင့် ဖွင့်လှစ်ရမည်။

၈၃။ ရပ်ရွာအခြေပြု ငါးလုပ်ငန်း အစုအဖွဲ့တစ်ဖွဲ့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွင့်ပြုသော အစုအဖွဲ့လုပ်ပိုင်ခွင့်ပြုရန် သတ်မှတ်ထားသော ရေပြင်ရှိအင်း၊ တင်ဒါချက်ကို လျှောက်ထားနိုင်ပြီး တွဲ၍ရောင်းချထားသည့် အင်းအတွဲသို့မဟုတ် အင်းဂရန်တစ်ခုကိုသာ လုပ်ပိုင်ခွင့် ရနိုင်သည်။ (ခွင့်ပြုပြီး ကြေးတိုင်အင်း၊ သုတေသနအင်း၊ ဘေးမဲ့အင်း၊ သီးသန့်အင်းတို့အား လျှောက်ထားခွင့်မရှိ)

## အခန်း(၁၃) (ဂ)

## မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်များ

၈၄။ မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး<br>မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ<br>သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ | အဖွဲ့ဝင်များ |

မှ အရပ်သားကိုယ်စားလှယ် ၂ ဦး

(ဃ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များမှ အဖွဲ့ဝင်များ ရွေးချယ်ပေးသော ရေလုပ်ငန်းကျွမ်းကျင်သည့် အများယုံကြည်လေးစားသူ ၂ ဦး (လက်ရှိအင်းလုပ်ငန်း လုပ်ကိုင်နေသူ မဖြစ်ရ)

(င) မြို့နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး ငါးလုပ်ငန်းဦးစီးဌာန

၈၅။ မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ၏ လျှောက်ထားလာမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို အောက်ပါအတိုင်း ကြီးကြပ်စစ်ဆေးရမည်-

(၁) ဒေသခံရေလုပ်သားများ ဟုတ်/ မဟုတ်၊

(၂) အင်းလုပ်ငန်းကို အစုအဖွဲ့ဖြင့် အမှန်တကယ်လုပ်ကိုင်သည့် အစုအဖွဲ့ ဟုတ်/ မဟုတ်၊

(၃) အစုအဖွဲ့စည်းမျဉ်းစည်းကမ်းရေးဆွဲထားရှိမှု ရှိ/ မရှိ၊

(၄) အစုအဖွဲ့ပိုင်စုဆောင်းငွေ ဟုတ်/ မဟုတ်၊

(၅) အင်းလုပ်ကိုင်ခွင့်ရရှိပါက မိမိအစုအဖွဲ့ဝင်များအား တာဝန်ခံနိုင်မှု ရှိ/ မရှိ၊

(၆) စပါးနှင့်ငါး ထိပ်တိုက်ပဋိပက္ခဖြစ်နိုင်သော အင်းများ ဟုတ်/ မဟုတ်၊

(၇) မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတွင် ရေလုပ်သားကတ်ပြုလုပ်ထားခြင်း ရှိ/ မရှိ၊

(၈) အင်းလျှောက်ထားသော အစုအဖွဲ့ဝင်များသည် ငါးလုပ်ငန်းလုပ်ကိုင်မည့် ရေပြင်ဧရိယာနှင့် ဆက်စပ်သည့် နယ်နိမိတ်အတွင်း အမှန်တကယ်နေထိုင်မှုနှင့် စိုက်ပျိုးလုပ်ကိုင်မှု ရှိ/ မရှိ၊

(၉) အစုအဖွဲ့ပိုင် ငွေစာရင်းစာအုပ်တွင် အစုအဖွဲ့လျှောက်ထားမည့်အင်း၏ အင်းခွန်ငွေ ပြည့်/ မပြည့်၊

(၁၀) အစုအဖွဲ့လျှောက်ထားလာသော အင်းသည် တိုင်းဒေသကြီးမှ လျှောက်ထားခွင့်ပြုသော အင်း ဟုတ်/ မဟုတ်၊

(၁၁) အမည်ပျက်စာရင်းတွင် ပါဝင်သောအစုအဖွဲ့ ဟုတ်/ မဟုတ်။

(ခ) အင်းတစ်အင်းကို အစုအဖွဲ့ ၁ ဖွဲ့ထက်ပို၍ လျှောက်ထားလာပါ က ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ဝန်ခံကတိပြုသည့် အဖွဲ့များကို ဦးစားပေးဆောင်ရွက်ပေးရမည်။

(ဂ) ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းမှုမရရှိပါက မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ၎င်း၏သဘောထားမှတ်ချက်နှင့် တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

(ဃ) မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးမှ တင်ပြလာသော ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များကြားတွင် ဖြစ်ပေါ်လာသည့် အငြင်းပွားမှုများကို ခရိုင်ဦးစီးဌာနမှူးနှင့် ညှိနှိုင်းဆောင်ရွက်ဖြေရှင်းပေးရမည်။

(င) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များမှ ကော်မတီဝင်တစ်ဦးဦးသည် ၎င်း၏ ကော်မတီတာဝန်မှ လည်းကောင်း၊ အစုအဖွဲ့ဝင်အဖြစ်မှလည်းကောင်း နုတ်ထွက်လိုကြောင်း မြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် တင်ပြလာပါက ရရန်/ ပေးရန်စာရင်းရှင်းလင်းစေပြီးမှသာ နုတ်ထွက်ခွင့်ပြုရမည်။

## အခန်း(၁၄)

## ပြန်အမ်းငွေ လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၈၆။ နိုင်ငံတော်နှင့် တိုင်းဒေသကြီး၏ အကျိုးငှာလိုအပ်၍ အငှားဂရန် ရရှိသူ၊ နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်းဂရန်) ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် ဥပဒေပုဒ်မ(၃၆)၊ ပုဒ်မခွဲ(က)အရ အကြောင်းကြားစာလက်ခံရရှိသည့် နေ့မှလည်းကောင်း၊ ဥပဒေပုဒ်မ(၃၆)၊ ပုဒ်မခွဲ(ခ)အရ ငါးထုတ်လုပ်မှုကို ထိခိုက်နစ်နာသည့် နေ့မှလည်းကောင်း ရက်ပေါင်း ၃၀ အတွင်း မိမိပေးသွင်းထားသော အင်းခွန် သို့မဟုတ် တင်ဒါကြေးမှ ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးထံ လျှောက်ထားနိုင်သည်-

(က) အကြောင်းကြားစာ၊ (ရုံးအမိန့်စာမူရင်း သို့မဟုတ် မိတ္တူမှန်၊)

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဂ) မိမိဆောင်ရွက်ထားသည့် ငါးဖမ်းဆီးရရှိမှုအခြေအနေနှင့် လုပ်ငန်းအခြေအနေ တင်ပြချက်၊

(ဃ) တင်ပြလိုသည့် အခြားအထောက်အထားနှင့် ထောက်ခံချက်များ။

၈၇။ ခရိုင်ဦးစီးဌာနမှူးသည် နည်းဥပဒေ(၈၆)အရ မြို့နယ်ဦးစီးဌာနမှူးထံမှ တင်ပြလာသော ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် လျှောက်ထားသည့်အချက်

များ မှန်ကန်မှု ရှိ/ မရှိကို ဖြစ်ပွားရာဒေသသို့ သွားရောက်ကြည့်ရှု စစ်ဆေးရမည်။

၈၈။ အောက်ပါအချက်တစ်ရပ်ရပ်ကြောင့် နစ်နာမှုရှိလျှင် ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခွင့် မရှိစေရ-

(က) သဘာဝဘေးအန္တရာယ်ကြောင့်မဟုတ်ဘဲ သာမန်ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်း၊ ရေတိုက်စားခြင်းကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း၊

(ခ) နုန်းမြေများတင်လာ၍ ဂရန်အင်း၊ နှစ်ရှည်အငှားဂရန်အင်း (ကြေးတိုင်အင်း)များ တိမ်ကောပျက်စီးခြင်း၊

(ဂ) ဂရန်အင်း၊ နှစ်ရှည်အငှားဂရန်အင်း(ကြေးတိုင်အင်း) အတွင်း အဆိပ်အတောက်၊ ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေတတ်သော အခြားပစ္စည်းများကို အသုံးပြု၍ အကျိုးဖျက်ဆီးခံရခြင်း၊

(ဃ) ငါးများခိုးယူခံရခြင်း သို့မဟုတ် လုယက်ခံရခြင်း။

၈၉။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲကို စိစစ်ပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံ အဆင့်ဆင့်တင်ပြရမည်။

၉၀။ ဝန်ကြီးသည် နည်းဥပဒေ (၈၉)အရ ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် လျှောက်လွှာအမှုတွဲ လက်ခံရရှိသည့်အခါ စိစစ်ပြီး ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

၉၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏ သဘောတူညီချက် ရရှိပါက ပြန်အမ်းငွေ ပြန်လည်ထုတ်ပေးရန် ခရိုင်ဦးစီးဌာနမှူးထံ အကြောင်းကြားရမည်။

၉၂။ ပြန်အမ်းငွေပြန်လည်ထုတ်ပေးရန် ငြင်းပယ်ခံရလျှင် ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၉၃။ ခရိုင်ဦးစီးဌာနမှူးသည် ပြန်အမ်းငွေပြန်လည်ထုတ်ပေးပြီးပါက ကျိုးကြောင်းဖော်ပြချက် အစီရင်ခံစာကို တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

## အခန်း(၁၅)

## ကြွေးကျန်များ ကောက်ခံခြင်း

၉၄။ ခရိုင်၊ မြို့နယ်၊ မြို့ဦးစီးဌာနမှူးသည် ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက် သို့မဟုတ် ငါးဖမ်းကိရိယာ အခွန်ကြွေးကျန်နှင့်စပ်လျဉ်း၍ အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်နှင့် ဒဏ်ကြေးငွေများကို ဥပဒေပုဒ်မ (၂၅)ပုဒ်မခွဲ (င) အရ မြေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခ သို့မဟုတ် ဒဏ်ကြေးတို့ကို သတ်မှတ်သည့် အချိန်ကာလအတွင်း ပေးဆောင်စေရန် အကြောင်းကြားခြင်း၊

(ခ) နည်းဥပဒေခွဲ(က)အရ သတ်မှတ်သည့် အချိန်ကာလအတွင်း ပေးဆောင်ခြင်းမပြုပါက မပေးဆောင်သူအား ပျက်ကွက်သူအဖြစ် မှတ်ယူခြင်း၊

(ဂ) ပျက်ကွက်သူပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ်သိမ်းဆည်း၍ ရောင်းချခြင်း၊

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူ ပေးသွင်းရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့် ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း၊ ရရှိငွေသည် ပျက်ကွက်သူပေးသွင်းရ

မည့် အခွန်ငွေကို မပြည့်မီသေးပါက ကျန်ရှိသည့်အခွန်ငွေအတွက် ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာကို ဝရမ်းကပ်သိမ်းဆည်း ရောင်းချခြင်း၊

(င) ပျက်ကွက်သူပိုင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းရောင်းချရာတွင် ရရှိငွေသည် ပျက်ကွက်သူ ပေးသွင်းရမည့် အခွန်ငွေထက်ပိုနေပါက ကျသင့်ငွေနှင့်ကုန်ကျစရိတ်များကို နုတ်ယူ၍ ပိုငွေကို ပျက်ကွက်သူအား ပြန်လည်ပေးအပ်ခြင်း။

၉၅။ ဦးစီးဌာနမှူးသည် နည်းဥပဒေ(၉၄)နည်းဥပဒေခွဲ(က)အရ ပျက်ကွက်သူထံ အကြောင်းကြားရာတွင် အကြောင်းကြားစာကို အောက်ပါနည်းလမ်းအတိုင်း ပေးအပ်ရမည်-

(က) ပျက်ကွက်သူသို့ ပေးအပ်ခြင်း၊

(ခ) ပျက်ကွက်သူ၏ ကိုယ်စားလှယ်သို့ ပေးအပ်ခြင်း၊

(ဂ) ပျက်ကွက်သူနှင့် သာမန်အားဖြင့် အတူတကွ နေထိုင်၍ မိသားစုဝင်လည်းဖြစ်သည့် အရွယ်ရောက်သူတစ်ဦးဦးထံသို့ ပေးအပ်ခြင်း၊

(ဃ) အထက်ဖော်ပြပါ နည်းလမ်းများအနက်မှ တစ်နည်းနည်းဖြင့် ပေးအပ်၍မရပါက ပျက်ကွက်သူနေထိုင်သော နေအိမ်ရှေ့တွင် အကြောင်းကြားစာ ကပ်ထားခြင်း။

၉၆။ အကြောင်းကြားစာတွင် အောက်ပါအချက်များကိုထည့်သွင်း ဖော်ပြရမည်-

(က) ပျက်ကွက်သူမှ ငွေပေးဆောင်ရမည့် အကြောင်းကိစ္စ၊

(ခ) ပျက်ကွက်သူပေးဆောင်ရမည့် ငွေကြေးပမာဏ၊

(ဂ) ပျက်ကွက်သူမှ နောက်ဆုံးပေးဆောင်ရမည့် နေ့ရက်၊ အချိန်၊ နေရာ၊

(ဃ) ပေးဆောင်ရမည့်ငွေကို မည်သူ့ထံ ပေးဆောင်ရမည်။

၉၇။ ဦးစီးဌာနမှူးသည် ပျက်ကွက်သူပိုင် မရွေ့မပြောင်းနိုင်သည့် ပစ္စည်းများကို လေလံတင်ရောင်းချရာတွင်-

(က) လေလံတင်ရောင်းချခြင်းမပြုမီ အနည်းဆုံး ၁၅ ရက် ကြိုတင်၍ လေလံကြော်ငြာစာဖြင့် ကြေညာရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ လေလံကြော်ငြာစာ၌ ရောင်းချမည့် ပစ္စည်းနှင့် စပ်လျဉ်း၍ တည်နေရာ၊ မည်သူပိုင်ဆိုင်သည်၊ မည်သို့သော အခွင့်အရေးများရှိသည်စသည့် အချက်များနှင့် တကွ လေလံတင် ရောင်းချမည့် နေ့ရက်၊ အချိန်၊ နေရာနှင့် စည်းကမ်းချက်များကို ဖော်ပြရမည်။

(ဂ) ပျက်ကွက်သူ၏ မျက်ကွယ်တွင် လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချရမည်။

(ဃ) လေလံဆွဲဝယ်မည့်သူ မရှိလျှင်ဖြစ်စေ၊ အမြင့်ဆုံးပေးသည့် လေလံငွေမှာ မြေခွန်မပြေ ကျန်ငွေနှင့် ကုန်ကျစရိတ်အောက် လျော့နည်းလျှင်ဖြစ်စေ လေလံပွဲကိုရွှေ့ဆိုင်း၍ ထပ်မံလေလံ တင်ရောင်းချရမည်။

(င) ရရှိသည့်ငွေမှ ရရန်ရှိသော မြေခွန်မပြေ ကျန်ငွေနှင့် ကုန်ကျစရိတ်ကို နုတ်ယူ၍ ဘဏ္ဍာသို့ ပေးသွင်းပြီး ပိုငွေကို ပျက်ကွက်သူသို့ ပြန်လည်ပေးအပ်ရမည်။

## အခန်း(၁၆)

## စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် အရေးယူခြင်း

၉၈။ ဦးစီးဌာနမှူးက ဖွဲ့စည်းထားသောအဖွဲ့တွင် လက်ထောက်ဦးစီးဌာနမှူး အဆင့် ထက်မနိမ့်သူက ဦးဆောင်၍ အနည်းဆုံးအဖွဲ့ဝင် ၂ ဦးပါဝင်ရမည်။

၉၉။ ဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနမှူးက ဖွဲ့စည်းထားသော အဖွဲ့သည် စစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် သိမ်းဆည်းခြင်းတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရန် ဖြစ်သည်။

၁၀၀။ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများကို နည်းဥပဒေ၏ နောက်ဆက်တွဲ ပုံစံ(၂၅)(၂၆)ပါ ပုံစံဖြင့် ရေးသွင်းမှတ်သား သိမ်းဆည်းရမည်။ မိတ္တူတစ်စောင်ကို ရှာဖွေသိမ်းဆည်းခြင်းခံရသူက တောင်းဆိုပါက ပေးအပ်ရမည်။

၁၀၁။ ရှာဖွေရာတွင် အရပ်သားသက်သေ ၂ ဦး၏ ရှေ့မှောက်တွင် ရှာဖွေရမည်။ နေဝင်မှ နေထွက်ကြား ရှာဖွေခြင်းဖြစ်ပါက သက်ဆိုင်ရာနယ်မြေ၏ အုပ်ချုပ်ရေးအဖွဲ့ဝင် ၂ ဦး ပါရှိရမည်။

၁၀၂။ ဦးစီးဌာနမှူး သို့မဟုတ် အဆိုပါအဖွဲ့သည် စစ်ဆေးခြင်း၊ ရှာဖွေခြင်းနှင့် သိမ်းဆည်းခြင်းတို့ ပြုလုပ်ဆောင်ရွက်ပြီးပါက သက်ဆိုင်ရာဦးစီးဌာနမှူး အဆင့်ဆင့်သို့ အစီရင်ခံ တင်ပြရမည်။

၁၀၃။ သိမ်းဆည်းခဲ့သော ပစ္စည်းများနှင့်ပတ်သက်၍ စီမံခန့်ခွဲမိန့်ကိုလည်း တင်ပြတောင်းခံရမည်ဖြစ်ပြီး အမိန့်၊ ညွှန်ကြားချက်နှင့်အညီ ဆောလျင်စွာ စီမံဆောင်ရွက်ရမည်။

၁၀၄။ ဘဏ္ဍာသိမ်းရမည့် ပစ္စည်းများအတွက် သက်ဆိုင်ရာဦးစီးဌာနမှူးများမှ တစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

၁၀၅။ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းကိစ္စရပ်များအတွက် ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ(၇၀)၊ ပုဒ်မ(၇၃)တို့နှင့်အညီ ဆောင်ရွက်သွားရန် ဖြစ်သည်။

## အခန်း(၁၇)

## အထွေထွေ

၁၀၆။ ဝန်ကြီးသည် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ နယ်မြေအတွင်း ကျရောက်သည့် ရေချိုငါးလုပ်ငန်းရေပြင်တွင် ဥပဒေပုဒ်မ(၂၀) ပုဒ်မခွဲ(ဂ)အရ အငှားဂရန်ချထားခြင်း၊ တင်ဒါလိုင်စင်ချထားခြင်း သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ရာတွင်-

(က) သက်ဆိုင်ရာအစိုးရအဖွဲ့၏ သဘောထားမှတ်ချက် ရယူရမည်။

(ခ) သက်ဆိုင်ရာအစိုးရအဖွဲ့မှ လုပ်ငန်းလိုအပ်ချက်အရ ထည့်သွင်းလိုသော အချက်များကို အငှားဂရန်နှင့် တင်ဒါလိုင်စင်တွင် စည်းကမ်းချက်အဖြစ် ထည့်သွင်းပေးရမည်။

၁၀၇။ ဦးစီးဌာနသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ အကူအညီရယူ၍ ဂရန်အင်း၊ သီးသန့်အင်းများနှင့် သက်ဆိုင်သော ဘုံငါးဖမ်းလုပ်ကွက်နှင့် တင်ဒါငါးဖမ်းကွက်မြေပုံများကို ပြန်လည်စိစစ်ခြင်း၊ ပြောင်းလဲလာသော သဘာဝအခြေအနေများနှင့်အညီ ပြန်လည်ရေးဆွဲ၍ မှတ်တမ်းတင်ထိန်းသိမ်းထားရှိခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၀၈။ ဦးစီးဌာနသည် နည်းဥပဒေ(၁၀၇)ပါ ပြောင်းလဲလာသော သဘာဝအခြေအနေများနှင့်အညီ ပြန်လည်ရေးဆွဲ၍ မှတ်တမ်းတင်ရာ၌ ရေချိုငါးလုပ်ငန်းနယ်နိမိတ် သတ်မှတ်ရာတွင် ဒေသဓလေ့ထုံးစံနှင့်အညီ အင်းချောင်း၊ အင်းအိုင်နှုတ်ခမ်း(ရေစစ်ချိန်)မှ အင်းချောင်းတစ်ဖက်လျှင် အင်းအိုင် ပတ်လည်ကုန်းတွင်းဘက်သို့ ၁ သံကြိုး ၆၆ပေ ထည့်သွင်းသတ်မှတ် ဆောင်ရွက်ရမည်။

၁၀၉။ ရေချိုငါးလုပ်ငန်းရေပြင်အတွင်း တူးဖော်ထားသော ငါးမွေးကန်များသည် ရေချိုငါးလုပ်ငန်း ရေပြင်အတွင်းမှ သဘာဝငါးများ ဝင်ရောက်မှုမရှိစေရေး လုံခြုံစွာထားရှိ ဆောင်ရွက်ရမည်။

၁၁၀။ ငါးမွေးမြူရေးကန်အတွင်းသို့ ရေသွင်းရေထုတ်ပြုလုပ်ဆောင်ရွက်ရာတွင် သဘာဝငါးများ ဝင်ရောက်မှုမရှိစေရေး ဆောင်ရွက်ရမည်။

၁၁၁။ ရေချိုငါးလုပ်ငန်းရေပြင်အတွင်း ဒေသအလိုက် စိုက်ပျိုးရေးအတွက် လိုအပ်သောအနေအထားထက်ပိုပြီး ကန်သင်းဘောင်အမြင့်ပတ်၍ သဘာဝငါး ဝင်ရောက်စေရန် အစာကျွေးခြင်း၊ ငါးမြူဆွယ်ခြင်း မပြုရ။

၁၁၂။ ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၅၀)အရ ရေချိုငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိသူမှအပ မည်သူမှ ဆည်၊ တမံ၊ ယင်းစသော အပိတ် အဆို့ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုရ ဟု ပြဋ္ဌာန်းထားသော်လည်း ဖျာပုံခရိုင်အတွင်း မိုးပုစွန်နွေအင်းများတွင် အောင်ရေထိန်းရန်နှင့် ရေငန်မဝင်ရောက်စေရေးအတွက် မိုးချိုး/ နွေပိတ်တမံများ ကို နှစ်စဉ် ကဆုန်လကုန်(မေလနှောင်းပိုင်း)တွင် ချိုးဖောက်ပြီး၊ တန်ဆောင်မုန်း လဆုတ် ၁၀ ရက်နေ့မတိုင်မီ ပြန်လည် ပိတ်ရမည်။

၁၁၃။ မြို့နယ်ဦးစီးဌာနမှူးသည် နှစ်စဉ်ငါးလုပ်ငန်းရာသီ ကုန်ဆုံးသည့်အခါ အောက်ပါအချက်များပါဝင်သော အစီရင်ခံစာတစ်စောင်ကို ရက်ပေါင်း ၆၀ အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်-

(က) အငှားဂရန်၊ တင်ဒါလိုင်စင်နှင့် ငါးဖမ်းကိရိယာလိုင်စင် အငှား ချထားမှု အခြေအနေ၊

(ခ) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် အငှားချထားမှု အခြေအနေ၊

(ဂ) ငါးထုတ်လုပ်နိုင်မှု အခြေအနေ၊

(ဃ) ဥပဒေအရ အရေးယူဆောင်ရွက်မှု အခြေအနေ၊

(င) ဥပဒေအရအရေးယူသည့်ကိစ္စတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသော ပစ္စည်းများနှင့် စပ်လျဉ်း၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်းဆောင်ရွက်မှု အခြေအနေ၊

(စ) နောက်လာမည့် ငါးလုပ်ငန်းရာသီတွင် ငါးလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ရေးဆွဲမှု အခြေအနေ၊

(ဆ) ဂရန်အင်းနယ်နိမိတ်များ သတ်မှတ်ဖော်ထုတ်မှု အခြေအနေ။

၁၁၄။ ဦးစီးဌာနသည် ငါးသယံဇာတထိန်းသိမ်းခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းနှင့် ငါးဖမ်းဆီးခြင်းဆိုင်ရာ နည်းပညာရပ်များ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အများပြည်သူအား ပညာပေးစည်းရုံးခြင်း၊ ဟောပြောပွဲများကျင်းပခြင်း၊ ခေတ်မီနည်းပညာ စာအုပ်စာတမ်းများ ဖြန့်ဝေခြင်း၊ သုတေသနစာတမ်းများ ဖတ်ကြားခြင်းတို့ကို အခါအားလျော်စွာ ဆောင်ရွက်ရမည်။

၁၁၅။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) ဥပဒေပုဒ်မ(၂၀) ပုဒ်မခွဲ(ဃ)အရ ဝန်ကြီးက အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလျှင် ယင်းသို့ ပယ်ဖျက်သည့်နေ့ သို့မဟုတ် အမိန့်စာ လက်ခံရရှိသည့်နေ့မှစ၍ လုပ်ငန်းကို ရပ်ဆိုင်းပြီး သက်ဆိုင်ရာဦးစီးဌာနမှူးထံ သက်ဆိုင်ရာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည် အပ်နှံ၍ လုပ်ကိုင်ခွင့်ပြုသည့် နေရာဒေသမှ ၇ ရက်အတွင်း ထွက်ခွာပေးရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ဆောင်ရွက်ရန် ပျက်ကွက်ပါက ဥပဒေပုဒ်မ(၄၆)အရ ဖောက်ဖျက်ကျူးလွန်သည်ဟု မှတ်ယူခြင်းခံရမည်။

၁၁၆။ ဦးစီးဌာနသည် ဤရေချိုငါးလုပ်ငန်းဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အကျုံးမဝင်သော ကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်ရန် နည်းလမ်းများ သတ်မှတ်ပေးခြင်း သို့မဟုတ် ဓလေ့ထုံးစံနှင့်အညီ ခွင့်ပြုခြင်း ဆောင်ရွက်နိုင်သည်။

၁၁၇။ ဦးစီးဌာနသည် ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနှင့် တင်ဒါငါးဖမ်းကွက်တစ်ခုစီ၏ နယ်နိမိတ်အတိုင်းအတာကို သတ်မှတ်ရာတွင် တိကျစွာ ဖော်ပြရမည်။

၁၁၈။ ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ(၇၅)အရ

၁၁၉။ ဦးစီးဌာနသည် ရေပေါ်ရေလျှံလုပ်သားများ ရှာဖွေစားသောက်ခွင့်ရှိသော အခွန်လွတ်ငါးဖမ်းကိရိယာများ အရေအတွက်ကို အောက်ပါအတိုင်း ခွင့်ပြု သတ်မှတ်ရမည်-

(က) ရေချိုဒေသအတွက် အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

(၁) လူတစ်ဦးလျှင် လက်ထွန် ၃ လက်

(၂) လူတစ်ဦးလျှင် ကိုင်းထောက် ၂၀ ခု

(၃) လူတစ်ဦးလျှင် ထောင်ကျဉ်း သို့မဟုတ် တိုင်ထောင်ငါးမျှား ၅ ခု

(၄) လူတစ်ဦးလျှင် ငါးမျှားချိတ် ၂၀ ထက်မပိုသော ငါးမျှားတန်း ၁ တန်း

(၅) လူတစ်ဦးလျှင် ဘူးမျှော ၁၀ ခု

(၆) လူတစ်ဦးလျှင် (လှေအသုံးပြုခွင့်မရှိ) မျက်နှာဝ ၇ တောင် ထက်မပိုသော လက်ပစ်ကွန် သို့မဟုတ် ကွန်စိပ် ၁ လက်

(၇) လူတစ်ဦးလျှင် အဝ(၃)တောင် ထက်မပိုသော ရင်တွန်း ၁ ခု

(၈) လူတစ်ဦးလျှင် ၂တောင်ထက်မပိုသော ပေါ်ခပ် သို့မဟုတ် ရက်သဲ့အဝန်း ၁ ခု

| | | |
|---|---|---|
| (၉) | လူတစ်ဦးလျှင် မြှုးငယ်အမျိုးမျိုး (ပုစွန်မြှုး/ ခရာမြှုး) စသည့် | ၃၀ လုံး |
| (၁၀) | လူတစ်ဦးလျှင် မြှုးကြီး(ရေချို) | ၃ လုံး |
| (၁၁) | လူတစ်ဦးလျှင် တုပ် သို့မဟုတ် တုပ်ကတုံး | ၃ ခု |
| (၁၂) | လူတစ်ဦးလျှင် တစ်စောင်း | ၁ ခု |
| (၁၃) | လူတစ်ဦးလျှင် လှံ့ထိုး | ၁ ခု |
| (၁၄) | လူတစ်ဦးလျှင် ဂုတ် | ၁ ခု |
| (၁၅) | လူတစ်ဦးလျှင် ယက်သဲ့ | ၁ ခု |
| (၁၆) | လူတစ်ဦးလျှင် ဆောင်း သို့မဟုတ် ဆောင်းအုပ် | ၂ လက် |

(ခ) ရေချိုရေငန်စပ်ဒေသအတွက် အောက်ပါအတိုင်းဖြစ်သည်-

| | | |
|---|---|---|
| (၁) | လူတစ်ဦးလျှင် ပေါ်ခပ် အဝန်း ၃ တောင် | ၁ ခု |
| (၂) | လူတစ်ဦးလျှင် ယက်သဲ့ ထိပ်ဝ ၁ လံ | ၁ ခု |
| (၃) | လူတစ်ဦးလျှင် တိုင်ထောင်မျှင် | ၁ ဖောင် |
| (၄) | လူတစ်ဦးလျှင် ပိုက်ခမင်း | ၁ လက် |
| (၅) | လူတစ်ဦးလျှင် ပိုက်စိမ်း | ၁ ဖောင် |
| (၆) | လူတစ်ဦးလျှင် ခမင်းမြှုး | ၅ လုံး |

၁၂၀။ ရောဂါတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေအရ အရေးယူ ဆောင်ရွက်ရန် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဤရေချိုငါးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားခြင်းမရှိလျှင် ရာဇဝတ်ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးနိုင်သည်။

တင်အောင်ဝင်း

ဝန်ကြီး

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပုံစံ(၁)

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

---------------မြို့

လေလံကြော်ငြာ

[နည်းဥပဒေများ အပိုဒ် ၅ (ခ)]

ရက်စွဲ၊

အများသိစေရန်ကြော်ငြာလိုက်သည်။

-------------------------မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော ဂရန်အင်းများအား ၂၀ -၂၀ ခုနှစ်၊ ၁၃ ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ဈေးပြိုင်စနစ်ဖြင့်လေလံရောင်းချမည်ဖြစ်၍ မည်သူမဆိုဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ ရက် (၁၃ ခုနှစ်၊ လ ရက်)နေ့ နံနက် ( ) အချိန်တွင် အောက်ဖော်ပြပါ လေလံစည်းကမ်းချက်များနှင့်အညီတွင် လေလံရောင်းချမည် ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

လေလံစည်းကမ်းချက်များ

ပုံစံ(၂)

# ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

[နည်းဥပဒေများ အပိုဒ် ၆]

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

-----------------မြို့။

ရက်စွဲ၊

အကြောင်းအရာ။

ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်လျှောက်ထားခြင်း

ကျွန်တော်/ကျွန်မ ဦး/ဒေါ်--------------သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် ဂရန်အင်း လေလံဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လေလံဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

(ယခင်နှစ်ကအငှားဂရန်ရရှိခဲ့လျှင် ဂရန်အင်းအမည်ဖော်ပြရန်)

၅။ နေရပ်၊

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည်၊

၇။ လေလံတင်ရောင်းချမည့်ရက်၊

ဆွဲဝယ်ခွင့်ရရှိသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ၊

နေ့စွဲ၊

ပုံစံ(၃)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## ငါးလုပ်ငန်းဦးစီးဌာန

## ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်

[နည်းဥပဒေများ အပိုဒ် ၉(က)၊ ၁၀]

အမှတ်စဉ်- /

၁။ လေလံဆွဲဝယ်ခွင့်ရရှိသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ အလုပ်အကိုင်၊

၅။ နေရပ်၊

၆။ ဆွဲဝယ်လိုသည့် ဂရန်အင်းအမည်၊

၇။ လေလံဆွဲဝယ်ခွင့်ပြုသည့်နေ့၊

၈။ ဆွဲဝယ်ခွင့်ရရှိသူ၏ လက်မှတ် သို့မဟုတ် လက်မပုံစံ၊

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

-------------------မြို့နယ်

နေ့စွဲ၊

ပုံစံ(၄)

# ဂရန်အင်းလေလံတင်ရောင်းချခြင်းအမှုတွဲ

[နည်းဥပဒေများ အပိုဒ် ၁၃ (က)]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

ဂရန်အင်းလေလံတင်ရောင်းချမှု အမှုတွဲအမှတ်စဉ်၊

------------ခုနှစ်၊

လေလံတင်ရောင်းချသည့်ဂရန်အင်းအမည်-

ဂရန်အင်း၏တည်ရှိနေရာ-

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့-

ယခင်နှစ်များက အငှားဂရန်ရရှိသူများ၏ အမည်နှင့်အင်းခွန်

| နှစ် | အငှားဂရန်ရှိသူ | အင်းခွန် |
|---|---|---|

ယခုနှစ်တွင်ဂရန်အင်းလေလံဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး လေလံဆွဲဝယ်ကြသူများ

| စဉ် | လေလံဆွဲဝယ်ရရှိသူအမည်/ မှတ်ပုံတင်အမှတ် | ပေးသွင်းသည့်အင်းခွန်ငွေ (ဂဏန်းဖြင့်) | (စာဖြင့်) |
|---|---|---|---|

ယခုသတ်မှတ်သည့်အင်းခွန်-

အငှားဂရန်ရရှိသူအမည်-

မှတ်ချက် (ရှိလျှင်ဖော်ပြရန်)-

| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
|---|---|---|

နေ့စွဲ

ပုံစံ(၅)

ဂရန်အင်းလေလံတင်ရောင်းချခြင်းပြီးစီးကြောင်းတင်ပြစာ

[နည်းဥပဒေများ အပိုဒ် ၁၄(က)]

------------------------ပြည်နယ်/တိုင်း

------------------ခရိုင်၊ ------------------မြို့နယ်

ဂရန်အင်းလေလံတင်ရောင်းချသည့်နေ့စွဲ ၊

ဂရန်အင်းလေလံတင်ရောင်းချသည့်နေရာ ၊

ဂရန်အင်းလေလံတင်ရောင်းချရေးအဖွဲ့တွင်ပါဝင်သူများ ၊

| စဉ် | ဂရန်အင်းအမည်နှင့် ဆွဲဝယ်သူ | ၅နှစ်ပျမ်းမျှစျေး | ယခင်နှစ်စျေး | ယခုနှစ်လေလံစျေး | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ

ပုံစံ(၆)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## ငါးလုပ်ငန်းဦးစီးဌာန

## အငှားဂရန်

[နည်းဥပဒေများ အပိုဒ် ၁၄(ခ)၊ အပိုဒ် ၁၉(ဂ)၊ အပိုဒ် ၅၃]

စိုက်ပျိုးရေး၊ မွေးမြူရေး ၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ၏ -------------- နေ့စွဲပါစာအမှတ်၊ -------------ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ပါပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ အငှားဂရန်ကို ပူးတွဲပါ စည်းကမ်းချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ အငှားဂရန်ရရှိသူအမည်၊

၂။ အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ နေရပ်လိပ်စာ၊

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ဂရန်အင်းအမည်နှင့်မြို့နယ်၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊

၇။ အင်းခွန်---------------ကို------------------မြို့ မြန်မာ့စီးပွားရေးဘဏ် (            )နေ့စွဲပါ ချလံအမှတ် (                    )အရ ငွေပြေပေးသွင်းပြီးဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး

ခရိုင်ငါးလုပ်ငန်းဦးစီးဌာန

----------------မြို့

ရုံးတံဆိပ်

နေ့စွဲ၊

ပုံစံ(၇)

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

----------------မြို့

တင်ဒါကြော်ငြာ

{ နည်းဥပဒေများ အပိုဒ် ၂၄(ဂ)}

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အများသိစေရန်ကြော်ငြာလိုက်သည်။

--------------------------မြို့နယ်အတွင်းရှိ ပူးတွဲဖော်ပြထားသော တင်ဒါငါးဖမ်းကွက်များ အား(၂၀ -၂၀ )ခုနှစ်၊ (၁၃ )ခုနှစ် ငါးလုပ်ငန်းရာသီအတွက် ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်း ချမည်ဖြစ်၍ မည်သူမဆိုဝယ်ယူလိုပါက ၂၀ ခုနှစ်၊ လ၊ ရက်၊ (၁၃ ခုနှစ်၊ လ ရက်) နေ့ နံနက် ( )နာရီအချိန်တွင် အောက်ဖော်ပြပါတင်ဒါစည်းကမ်းချက်များနှင့်အညီ တွင် ချိတ်ပိတ်တင်ဒါဈေးနှုန်း တင်သွင်းရမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

တင်ဒါစည်းကမ်းချက်များ

ပုံစံ(၈)

# တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်လွှာ

[နည်းဥပဒေများ အပိုဒ် ၂၅၊ ၂၆]

သို့

မြို့နယ်ဦးစီးဌာနမှူး

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

-----------------မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ

ရက်

အကြောင်းအရာ။ တင်ဒါဆွဲဝယ်ခွင့်လက်မှတ်လျှောက်ထားခြင်း

ကျွန်တော်/ကျွန်မ ဦး/ဒေါ်-------------သည် ငါးလုပ်ငန်းလုပ်ကိုင်လိုပါသဖြင့် တင်ဒါ ဆွဲဝယ်ခွင့်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူအမည်၊

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ အမျိုးသားမှတ်ပုံတင်အမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ အလုပ်အကိုင်၊

(ယခင်နှစ်ကတင်ဒါလိုင်စင်ရရှိခဲ့လျှင်

တင်ဒါငါးဖမ်းကွက်အမည်ဖော်ပြရန်)

၆။ ဆွဲဝယ်လိုသည့် တင်ဒါငါးဖမ်းကွက်အမည်၊

၇။ တင်ဒါဆွဲဝယ်မည့်ရက်၊

လျှောက်ထားသူ၏လက်မှတ် သို့မဟုတ် လက်မပုံစံ၊

နေ့စွဲ၊

ပုံစံ(၉)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## ငါးလုပ်ငန်းဦးစီးဌာန

## တင်ဒါဆွဲဝယ်ခွင့်လက်မှတ်

{ နည်းဥပဒေများ အပိုဒ် ၂၈ (က)၊ ၂၉ }

အမှတ်စဉ်- /

၁။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူအမည်၊
၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/အမျိုးသားမှတ်ပုံတင်အမှတ်၊
၃။ အဘအမည်၊
၄။ နေရပ်၊
၅။ တင်ဒါဆွဲဝယ်ခွင့်ပြုသည့် တင်ဒါငါးဖမ်းကွက်အမည်၊
၆။ တင်ဒါဆွဲဝယ်ခွင့်ရရှိသူက ပေးမည့်တင်ဒါကြေး (ဂဏန်းဖြင့်) (စာဖြင့်)

လျှောက်ထားသူ

၇။ ဤတင်ဒါဆွဲဝယ်ခွင့်လက်မှတ်ကို ရွေးချယ်အတည်ပြုသည်/ရွေးချယ်ခြင်း မပြုပါ။

| | | |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |

နေ့စွဲ၊

ပုံစံ(၁၀)

# တင်ဒါငါးဖမ်းကွက်ရောင်းချခြင်းအမှုတွဲ

{ နည်းဥပဒေများအပိုဒ် ၃၃ (က)}

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ငါးလုပ်ငန်းဦးစီးဌာန

တင်ဒါငါးဖမ်းကွက်ရောင်းချခြင်း အမှုတွဲအမှတ်စဉ်၊

------------ခုနှစ်၊

တင်ဒါငါးဖမ်းကွက်အမည်-

တင်ဒါငါးဖမ်းကွက် တည်ရှိနေရာ-

တင်ဒါချထားသည့်နေ့-

ယခင်နှစ်များက တင်ဒါလိုင်စင်ရရှိသူများ၏ အမည်နှင့်တင်ဒါကြေး

| နှစ် | တင်ဒါလိုင်စင်ရရှိသူ | တင်ဒါကြေး |
|---|---|---|

ယခုနှစ်တွင်တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိပြီး တင်ဒါသွင်းကြသူများ

| စဉ် | တင်ဒါဆွဲဝယ်ခွင့်လက်မှတ်ရရှိသူအမည်/ | တင်ဒါကြေး |
|---|---|---|
| မှတ်ပုံတင်အမှတ် | (ဂဏန်းဖြင့်) | (စာဖြင့်) |

ယခုသတ်မှတ်သည့်တင်ဒါကြေး-

တင်ဒါလိုင်စင်ရရှိသူအမည်-

မှတ်ချက် (ရှိလျှင်ဖော်ပြရန်)-

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ

ပုံစံ(၁၁)

# တင်ဒါလိုင်စင်ချထားပြီးစီးကြောင်းတင်ပြစာ

{ နည်းဥပဒေများ အပိုဒ် ၃၄(က)}

--------------------------ပြည်နယ်/တိုင်း

-------------------ခရိုင်၊ ------------------မြို့နယ်

တင်ဒါချထားသည့်နေ့စွဲ ၊

တင်ဒါချထားချသည့်နေရာ ၊

တင်ဒါချထားရေးအဖွဲ့တွင်ပါဝင်သူများ ၊

| စဉ် | တင်ဒါငါးဖမ်းကွက် အမည်နှင့် ဆွဲဝယ်သူ | ၅နှစ် ပျမ်းမျှဈေး | ယခင်နှစ် ဈေး | ယခုနှစ် တင်ဒါဈေး | မှတ် ချက် |
|---|---|---|---|---|---|
| | | | | | |

အဖွဲ့ဝင် ဥက္ကဋ္ဌ အဖွဲ့ဝင်

နေ့စွဲ

ပုံစံ(၁၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
တင်ဒါလိုင်စင်
{ နည်းဥပဒေများ အပိုဒ် ၃၄(ခ)၊ အပိုဒ် ၅၃ }

လိုင်စင်အမှတ်၊

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူး ၏ -------------- ---- နေ့စွဲပါစာအမှတ်၊ -------------ဖြင့် စိစစ်ခွင့်ပြုချက်အရ အောက်ပါ ပုဂ္ဂိုလ်အား ရေချိုငါးလုပ်ငန်းဥပဒေအရ တင်ဒါလုင်စင်ကို ပူးတွဲပါစည်းကမ်း ချက်များနှင့် ထုတ်ပေးလိုက်သည်။

၁။ တင်ဒါလိုင်စင်ရရှိသူအမည်၊

၂။ အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ နေရပ်လိပ်စာ၊

၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်ဂရန်အင်းအမည်နှင့်မြို့နယ်၊

၅။ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ၊

၆။ လုပ်ကိုင်ခွင့်ပြုသည့် ကိရိယာအမျိုးအစား၊ လုံးရေနှင့် အတိုင်းအတာ၊
တင်ဒါကြေးလိုင်စင်ခ---------------ကို----------------နေ့စွဲပါ
ချလံအမှတ် ( )ဖြင့် ----------------ဘဏ်သို့ပေးသွင်းပြီး
ဖြစ်ပါသည်။

ခရိုင်ဦးစီးဌာနမှူး
ခရိုင်ငါးလုပ်ငန်းဦးစီးဌာန
----------------မြို့

ရုံးတံဆိပ်

နေ့စွဲ၊

ပုံစံ(၁၃)

ငါးဖမ်းကိရိယာလိုင်စင်လျှောက်လွှာ

{ နည်းဥပဒေများ အပိုဒ် ၃၈ }

သို့

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
----------------မြို့။

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ငါးဖမ်းကိရိယာလိုင်စင်လျှောက်ထားခြင်း

၁။ လျှောက်ထားသူအမည်၊

၂။ အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

၃။ အဘအမည်၊

၄။ နေရပ်၊

၅။ အလုပ်အကိုင်၊

၆။ ငါးဖမ်းလုပ်ကိုင်လိုသည့်နေရာ၊

၇။ လုပ်ကိုင်လိုသည့်ငါးဖမ်းကိရိယာများ

| ငါးဖမ်းကိရိယာအမည် အရေအတွက် | အတိုင်းအတာ |
| --- | --- |
| | (က)အလျား |
| | (ခ)အနံ |
| | (ဂ)စောက် |
| | (ဃ)ထိပ်ဝ |
| | (င)အခြား |

၈။ လုပ်ကိုင်လိုသည့်ခုနှစ်၊

လျှောက်ထားသူ၏လက်မှတ်

ပုံစံ(၁၄)

# ငါးဖမ်းကိရိယာလျှောက်ထားသူများစာရင်း

{ နည်းဥပဒေများအပိုဒ် ၃၉ (က) (ခ) }

ပြည်နယ်/တိုင်း၊--------------------------ခရိုင်၊ ------------------------------မြို့နယ်

| လိုင်စင်လျှောက်ထားသူ အမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နေရပ်လိပ်စာ | ရုံးသုံး အမည် | ယခုနှစ်တင်ဒါများ | | | | | နေရာ | လိုင်စင်ခ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | ဖယားပါ အမှတ်စဉ် | ဒေသ အခေါ် | ခွင့်ပြုသည့်အများဆုံး အတိုင်းအတာ | | | | | |
| | | | | | အလျား | အနံ | စောက် | | | |
| | | | | | | | | | | |

လျှောက်ထားသော်လည်း လုပ်ကိုင်ရန်တွေ့ရှိသူများပါရေးသွင်းရန်

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
ငါးဖမ်းကိရိယာလိုင်စင်
{ နည်းဥပဒေများ အပိုဒ် ၄၁(က) }
(လိုင်စင်တန်ဖိုးသည်　　　　ကျပ်ဖြစ်သည်။)

မြို့နယ်　　ခုနှစ်　　အမှတ်စဉ်

လိုင်စင်ရရှိသူအမည် -
အမျိုးသားမှတ်ပုံတင်အမှတ်/
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -
နေရပ်လိပ်စာ -
ကိရိယာရုံးသုံးအမည် -
ဒေသအခေါ်အဝေါ် -
ကိရိယာအတိုင်းအတာ -
နေရာ
အထူးကန့်သတ်ချက်များ

မှတ်ချက် - ဤလိုင်စင်သည် အထက်ဖော်ပြပါ ကိရိယာများ/ အထက်ဖော်ပြပါ ကိရိယာများ လုပ်ကိုင်သည့် လှေတစ်စင်းအတွက် လိုင်စင် ဖြစ်သည်။

ဤလိုင်စင်သည်　　　　နေ့တွင်သက်တမ်းကုန်ဆုံးသည်။
နေ့စွဲ　　　　မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၅)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန
ငါးဖမ်းကိရိယာလိုင်စင်
{ နည်းဥပဒေများ အပိုဒ် ၄၁(က) }
(လိုင်စင်တန်ဖိုးသည်　　　　ကျပ်ဖြစ်သည်။)

မြို့နယ်　　ခုနှစ်　　အမှတ်စဉ်

လိုင်စင်ရရှိသူအမည် -
အမျိုးသားမှတ်ပုံတင်အမှတ်/
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -
နေရပ်လိပ်စာ -
ကိရိယာရုံးသုံးအမည် -
ဒေသအခေါ်အဝေါ် -
ကိရိယာအတိုင်းအတာ -
နေရာ
အထူးကန့်သတ်ချက်များ

မှတ်ချက် - ဤလိုင်စင်သည် အထက်ဖော်ပြပါ ကိရိယာများ/ အထက်ဖော်ပြပါ ကိရိယာများလုပ်ကိုင်သည့် လှေတစ်စင်းအတွက် လိုင်စင် ဖြစ်သည်။

ဤလိုင်စင်သည်　　　　နေ့တွင်သက်တမ်းကုန်ဆုံးသည်။
နေ့စွဲ　　　　မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၁၆)

## ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားသူများစာရင်း

{ နည်းဥပဒေများ အပိုဒ် ၄၁ (ခ) }

-------------------ခရိုင်၊ ----------------------------မြို့နယ်

| စဉ် | လိုင်စင်ရရှိသူ အမည်နှင့် အမျိုးသားမှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် | နေရပ် လိပ်စာ | လိုင်စင် အမှတ်စဉ် အမှတ် | လိုင်စင် ထုတ် ပေးသည့် အမှတ် | ငါးဖမ်း ကိရိယာ အမျိုးအစား နှင့် အမှတ်စဉ် | ငါးဖမ်း ကိရိယာ အတိုင်း အတာ | လိုင်စင် ခ | ထုတ်ပေးထား သည့် လိုင်စင်ပုံစံတန်ဖိုး နှင့် ရွက်ရေ |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |

ပုံစံ (၁၇)

## ငါးဖမ်းကိရိယာလိုင်စင်အရ၊ အသုံးမှတ်ပုံတင်

{ နည်းဥပဒေများ အပိုဒ် ၄၅ (က) }

---------------------------မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန

လိုင်စင်တန်ဖိုး-

| စဉ် | လက်ခံရရှိသည့်နေ့ | ရှက်ရေ | တန်ဖိုး | အသုံးပြုသည့်နေ့ | ရှက်ရေ | တန်ဖိုး | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |

ပုံစံ(၁၈)

# ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးထားရှိမှုမှတ်ပုံတင်

{ နည်းဥပဒေများအပိုဒ် ၄၅ (ခ) }

--------------------မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန      -------------------- ခုနှစ်

| စဉ် | လိုင်စင်ရရှိသူအမည် | အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | လိုင်စင်အမှတ် | လိုင်စင်ထုတ်ပေးသည့် နေ့စွဲ | ငါးဖမ်းကိရိယာအမျိုးအစား | ငါးဖမ်းကိရိယာအတိုင်းအတာ | ငါးဖမ်းကိရိယာလိုင်စင်ခနှုန်းထား | ထုတ်ပေးထားသည့်လိုင်စင်ပုံစံတန်ဖိုးနှင့်ရှက်ရေ | လိုင်စင်ခရရှိသည့်နေ့ရက် | ဘဏ်သို့ပေးသွင်းသည့်နေ့ရက် | ငါးဖမ်းခွင့်ပြုသည့်နေရာဒေသ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | |

ပုံစံ (၁၉)

# ငါးဖမ်းကိရိယာလိုင်စင်လချုပ်စာရင်း

(နည်းဥပဒေများ အပိုဒ် ၄၇)

-------------ခုနှစ်၊ -----------လ

-------------------------မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　　လိုင်စင်တန်ဖိုး-

| စဉ် | လက်ခံရရှိသည့်နေ့ | ရွက်ရေ | တန်ဖိုး | | စဉ် | ယခင်လလက်ကျန် | ယခုလအသုံးပြုသည့်နေ့ | လိုင်စင်ရရှိသူ အမည်နှင့် အမျိုးသားမှတ်ပုံတင် အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ငါးဖမ်းကိရိယာအမျိုးအစားနှင့်အတိုင်းအတာ | လိုင်စင်ခ | ထုတ်ပေးသည့်လိုင်စင်ပုံစံရွက်ရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | |

မြို့နယ်ဦးစီးဌာနမှူး

ပုံစံ (၂၀)

ပြည်ပနေ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ
ရေချိုငါးလုပ်ငန်းရေပြင်တွင်
ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန်လျှောက်လွှာ
(နည်းဥပဒေများ အပိုဒ် ၄၉)

သို့

တိုင်းဒေသကြီးဦးစီးဌာနမှူး
ဧရာဝတီတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

ရက်စွဲ၊ ၂၀ ခုနှစ်၊ လ ရက်

၁။ လျှောက်ထားသူအမည်/အဖွဲ့အစည်းအမည်၊

၂။ နိုင်ငံကူးလက်မှတ်အမှတ်/ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
ကော်မရှင်၏ ခွင့်ပြုမိန့်အမှတ်၊

၃။ နေရပ်လိပ်စာ/အဖွဲ့အစည်းတည်နေရာ၊

၄။ လုပ်ကိုင်လိုသည့် ငါးလုပ်ငန်းအမျိုးအစား ၊
(က) ဂရန်အင်း၊ (ခ) တင်ဒါငါးဖမ်းကွက်၊ (ဂ) အခြား

၅။ လုပ်ကိုင်လိုသည့်နေရာဒေသ ၊---------------------------------------
---------------------------------------
---------------------------------------

၆။ လုပ်ကိုင်ရာတွင်အသုံးပြုမည့်ကိရိယာ (ရှိခဲ့လျှင်)
(က)အမျိုးအစား (ခ)ဦးရေ (ဂ) (ဃ)

၇။ နိုင်ငံခြားငွေရင်းနှီးမြှုပ်နှံမှုပမာဏ၊

လျှောက်ထားသူ
တာဝန်/အဆင့်

ပုံစံ(၂၁)

## ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ အသင်းဝင် လျှောက်လွှာ
## (နည်းဥပဒေများ အပိုဒ် ၈၁ (က) )

၁။ အမည် ------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်------------------------------

၃။ ရေလုပ်သားမှတ်ပုံတင်အမှတ် ------------------------------

၄။ မွေးဖွားရာဒေသ ------------------------------

၅။ မွေးသက္ကရာဇ်(အသက်) ------------------------------

၆။ ဖခင်အမည် ------------------------------

၇။ ပညာအရည်အချင်း ------------------------------

၈။ မိသားစုဝင်ဦးရေနှင့် လက်ရှိအလုပ်အကိုင်

(က) ခင်ပွန်း/ဇနီး

(အမည်နှင့် အလုပ်အကိုင်)------------------------------

(ခ ) သား/ သမီးများ

(အမည်နှင့် အလုပ်အကိုင်)------------------------------

၉။ လက်ရှိအသုံးပြုနေသော ရေလုပ်ငန်းသုံး ပစ္စည်းများ ပိုင်ဆိုင်မှုအရေအတွက်နှင့် တန်ဖိုးခန့်မှန်းခြေ ------------------------------

၁၀။ ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုသည့်ကာလအပိုင်းအခြားနှင့်နေရာ------------------------------

၁၁။ လက်ရှိနေရပ်လိပ်စာ ------------------------------

------------------------------

အထက်ပါအချက်အလက်များ မှန်ကန်ကြောင်း အောက်တွင် လက်မှတ်ရေးထိုး လျှောက်ထားပါသည်။

ရေးထိုးမြဲလက်မှတ်

(လျှောက်ထားသူ)

ပုံစံ( ၂၂ )

**နမူနာပုံစံ**
**ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ကော်မတီဝင်များ**
**ရွေးချယ်သည့်ဆန္ဒမဲလက်မှတ်**

၁။ အမည် ----------------------------------
၂။ အမည် ----------------------------------
၃။ အမည် ----------------------------------
၄။ အမည် ----------------------------------
၅။ အမည် ----------------------------------
၆။ အမည် ----------------------------------
၇။ အမည် ----------------------------------
၈။ အမည် ----------------------------------
၉။ အမည် ----------------------------------
၁၀။ အမည် ----------------------------------

ကြီးကြပ်ရေးအဖွဲ့လက်မှတ်

| | | |
|---|---|---|
| ၁။ --------------- | ၂။ ------------------ | ၃။ -------------- |
| ၄။ --------------- | ၅။ ------------------ | ၆။ -------------- |
| ၇။ --------------- | ၈။ ------------------ | ၉။ -------------- |

ပုံစံ(၂၃)

**နမူနာပုံစံ**

**ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ * ဥက္ကဋ္ဌ/ * အတွင်းရေးမှူး/ ***

**ဘဏ္ဍာရေးမှူး/ *စာရင်းစစ်/**

***အဖွဲ့ဝင်များ ရွေးချယ်သည့် ဆန္ဒမဲလက်မှတ်**

၁။ အမည် ----------------------------------
၂။ အမည် ----------------------------------
၃။ အမည် ----------------------------------
၄။ အမည် ----------------------------------
၅။ အမည် ----------------------------------
၆။ အမည် ----------------------------------
၇။ အမည် ----------------------------------
၈။ အမည် ----------------------------------
၉။ အမည် ----------------------------------
၁၀။ အမည် ----------------------------------

**ကြီးကြပ်ရေးအဖွဲ့လက်မှတ်**

| | | |
|---|---|---|
| ၁။ ---------------- | ၂။ ------------------- | ၃။ --------------- |
| ၄။ ---------------- | ၅။ ------------------- | ၆။ --------------- |
| ၇။ ---------------- | ၈။ ------------------- | ၉။ --------------- |

မှတ်ချက်။ * မလိုအပ်သည်များကို ပယ်ဖျက်ရန်။

ပုံစံ( ၂၄ )

# နမူနာပုံစံ

## ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းပြီးကြောင်း အစီရင်ခံစာ

၁။ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းအမိန့် ------------------------------
စာအမှတ်နှင့် ရက်စွဲ ------------------------------
------------------------------

၂။ကြီးကြပ်ရေးအဖွဲ့ဝင်များ အမည်နှင့်တာဝန်(က) -------------------------
(ခ ) -------------------------
(ဂ ) -------------------------
(ဃ) -------------------------
(င ) -------------------------
(စ ) -------------------------
(ဆ) -------------------------
(ဇ ) -------------------------
(ဈ) -------------------------

၃။ရွေးချယ်သည့် ရပ်ရွက်၊ ကျေးရွာအုပ်စုအမည် -------------------------
၄။မြို့နယ်အမည် -------------------------
၅။ရွေးချယ်သည့် နေရာ၊ ရက်စွဲနှင့် အချိန် -------------------------
-------------------------
-------------------------

၆။ရွေးချယ်ခံရသော ရပ်ရွာအခြေပြုငါးလုပ်ငန်း
အစုအဖွဲ့ကော်မတီဝင်များ အမည်စာရင်း

ပုံစံ (၂၅)

## ငါးလုပ်ငန်းဦးစီးဌာန၏ ရှာဖွေသိမ်းဆည်းခြင်းပုံစံ

## နည်းဥပဒေအပိုဒ် (၁၀၀)

| ရှာဖွေ သည့် ရက်စွဲ/ အချိန် | ရှာဖွေ သည့် နေရာ | ကျူးလွန် သည့် ပုဒ်မ | ကျူးလွန်သူ နေထိုင်သည့် လိပ်စာ | ရှာဖွေသက်သေ အမည်များ အလုပ်အကိုင်၊နေရပ် | သက်သေ လက်မှတ် များ | ရှာဖွေသည့် အဖွဲ့ခေါင်း ဆောင် ရာထူး/လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | |

### ရှာဖွေရာ၌ ဖမ်းဆီးရမိသည့်ပစ္စည်းအမျိုးစာရင်း

| အမှတ်စဉ် | အမျိုးအမည် (အတိုင်း/အတာ) | အရေအတွက် | ရှာဖွေဖမ်းဆီးရသည့် ဖြစ်စဉ်အကျဉ်း | သက်သေများ၏ လက်မှတ် | သက်သေခံပစ္စည်းများအား အပ်နှံသူ အမည်/ လက်မှတ် |
|---|---|---|---|---|---|
| | | | | | |

ပုံစံ ( ၂၆ )

## ဖမ်းဆီး/စစ်ဆေးခံရသူ၏ ရှေးဦးဝန်ခံထွက်ဆိုချက်

အမည် -

အသက် -

အဘအမည် -

နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် -

နေရပ်လိပ်စာ -

အလုပ်အကိုင် -

ကိုယ်၌ ထင်ရှားသည့် အမှတ်အသား -

ရှေးဦးဝန်ခံထွက်ဆိုသည်မှာ------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

ဝန်ခံထွက်ဆိုသူ - လက်မှတ်

အမည် -

စစ်ဆေးရေးအဖွဲ့၏ လက်မှတ်

(အဖွဲ့ဝင်) (အဖွဲ့ခေါင်းဆောင်) (အဖွဲ့ဝင်)